# MFF ACTIVITIES
## REPORTS 2024



MYANMAR FOOTBALL FEDERATION

www.the-mff.org

# CONTENTS


1. Special Events 5-16
2. MFF Projects & Infrastructure 17-25
3. MFF Activities 26-38
4. Committee Meetings 39-46
5. National Teams 47-64
6. Coach Education 65-67
7. Referee 68-71
8. Audit Report 72-79

# SPECIAL EVENTS

# MFF ELECTIVE CONGRESS 2024

## ၂၀၂၄–၂၀၂၈ သက်တမ်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)၏ ရွေးကောက်ပွဲ ညီလာခံ MFF Elective Congress 2024 ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၃၀) ရက်၊ နံနက် (၉) နာရီက နိုဗိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပခဲ့ပြီး ၂၀၂၄ - ၂၀၂၈ သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့သစ်အား ရွေးချယ်ခဲ့သည်။ အခမ်းအနားသို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံ ဘောလုံးအဖွဲ့ချုပ်မှ ကိုယ်စားလှယ် များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အထူး ဖိတ်ကြားထား သည့် ဧည့်သည်တော်များ၊ ၂၀၁၉ - ၂၀၂၃ သက်တမ်းတာဝန် ထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ များနှင့် အလုပ်အမှုဆောင်များ၊ ၂၀၂၄ - ၂၀၂၈ သက်တမ်းအတွက် ဝင်ရောက်ရွေးချယ်မည့် ကိုယ်စားလှယ် လောင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန် ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ်(၁)၊ မြန်မာနေရှင် လိဂ်(၂)၊ ဖူဆယ်လိဂ်နှင့် အမျိုး သမီးလိဂ်တို့မှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ကွန်ဂရက်စ်စတင်ကြောင်းကြေညာပြီးနောက် အစီအစဉ်အတိုင်းဖြစ်သည့် MFF ရွေးကောက်ပွဲ ညီလာခံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများစာရင်းအား အတည်ပြုခြင်း၊ ရွေးကောက်ပွဲညီလာခံ အထမြောက်ကြောင်း ကြေညာခြင်း၊ MFF ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခြင်း၊ MFF ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌမှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြခြင်းစသည်တို့အား အစီအစဉ်အလိုက် ကျင်းပခဲ့သည်။

ယင်းနောက် MFF ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အောင်က ၂၀၂၄ - ၂၀၂၈ သက်တမ်းအလုပ်အမှုဆောင်သစ်များ ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌရာထူးအား ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူ တစ်ဦးသာရှိပြီး အခြားယှဉ်ပြိုင်မည့်သူမရှိသည့်အတွက် စာရင်းတင်သွင်းခဲ့သည့်ဦးဇော်ဇော်အား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (အမျိုးသား) နေရာ (၂) ခုအတွက် အမည်စာရင်း တင်သွင်းသူ နှစ်ဦးသာရှိရာ စာရင်းတင်သွင်းခဲ့သည့် ဦးပြည့်ဖြိုးတေဇ

နှင့် ဦးထိပ်ခွန်နောင်မြင့်ဝေတို့အား ဒုတိယ ဥက္ကဋ္ဌ (အမျိုးသား) အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (အမျိုးသမီး) နေရာ (၁) နေရာအတွက်အမည်စာရင်းတင်သွင်းသူတစ်ဦးသာရှိရာ စာရင်းတင်သွင်းခဲ့သည့် ဒေါက်တာ ဒေါ်ခင်စောဦးအား ဒုတိယဥက္ကဋ္ဌ (အမျိုးသမီး) အဖြစ်လည်းကောင်းအဆိုပြုခဲ့ပြီး MFF အထွေထွေအတွင်းရေးမှူးဦးကိုကိုသိန်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် MFF ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၀.၅ အရ အခမ်းအနား တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူကာ ကြေညာခဲ့သည်။

ဆက်လက်၍ အထက်မြန်မာပြည်ကိုယ်စားလှယ်လောင်း (၃) နေရာအတွက် အမည်စာရင်း တင်သွင်းသူ (၄) ဦးရှိသဖြင့် တက်ရောက်လာသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ဆန္ဒမဲဖြင့် မဲပေးရွေးချယ်ခဲ့ရာ ဦးကျော်စွာထွန်း၊ ဦးစောငြိမ်း၊ ဦးလအောင်တို့ အသီးသီး ရွေးချယ်ခံခဲ့ရသည်။

အထွေထွေ အတွင်းရေးမှူးက အခမ်းအနား တက်ရောက်လာသူများ၏ အတည်ပြုချက်ဖြင့် ကြေညာခဲ့သည်။

ယင်းနောက် ဖူဆယ်နှင့်သဲသောင်ပြင် ကိုယ်စားလှယ်လောင်း (၁) နေရာအတွက် အမည်စာရင်းတင်သွင်းသူ (၄) ဦးရှိသဖြင့် တက်ရောက်လာသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ဆန္ဒမဲဖြင့် မဲပေးရွေးချယ်ခဲ့ရာ ဦးဝင်းသော်က ဆန္ဒမဲအများဆုံးဖြင့် ရွေးချယ်ခံခဲ့ရသည်။

ဖူဆယ်နှင့်သဲသောင်ပြင် ကိုယ်စားလှယ်လောင်း မဲပေးရွေးချယ်မှု ရလဒ်

| | |
|---|---|
| ဦးဝင်းသော် | (၃၃ မဲ) |
| ဒေါက်တာ ရဲမွန်ထွဋ် | (၆ မဲ) |
| ဦးချစ်ထွန်းဝေ | (၁ မဲ) |
| ဦးကြည်မင်းသိန်း | (၁ မဲ) |






အထက်မြန်မာပြည် ကိုယ်စားလှယ်လောင်း မဲပေးရွေးချယ်မှု ရလဒ်

| | |
|---|---|
| ဦးကျော်စွာထွန်း | (၃၆ မဲ) |
| ဦးလအောင် | (၃၃ မဲ) |
| ဦးစောငြိမ်း | (၃၀ မဲ) |
| ဦးမင်းနောင် | (၁၄ မဲ) |

အောက်မြန်မာပြည်ကိုယ်စားလှယ်လောင်း (၃) ဦး နေရာအတွက် အမည်စာရင်းတင်သွင်းသူ (၃) ဦးသာရှိရာ စာရင်းတင်သွင်းခဲ့သည့် ဒေါက်တာ ထက်နိုင်ဝင်း၊ ဦးဝင်းကိုကို၊ ဦးသင်းမောင်စိုးတို့အားလည်းကောင်း၊ မြန်မာ နေရှင်နယ်လိဂ် (၁) ကိုယ်စားလှယ်လောင်း (၃) ဦးနေရာအတွက် အမည်စာရင်း တင်သွင်းသူ (၃) ဦးသာရှိရာ အမည်စာရင်းတင်သွင်းခဲ့သည့် ဦးဇော်မင်းသိန်း၊ ဦးလှကျော်ဝင်းနှင့် ဦးကျော်ဦးတို့ကိုလည်းကောင်း၊ မြန်မာနေရှင်နယ်လိဂ် (၂) ကိုယ်စားလှယ်တစ်ဦး နေရာအတွက် အမည်စာရင်းတင်သွင်းသူ တစ်ဦးသာရှိရာ စာရင်းတင်သွင်းခဲ့သည့် ဦးထောင်ထာထန်းကိုလည်းကောင်း၊ နည်းပြ ကိုယ်စားလှယ်လောင်း (၁) နေရာအတွက် အမည်စာရင်းတင်သွင်းသူ တစ်ဦးတည်းသာရှိရာ စာရင်းတင်သွင်းခဲ့သည့် ဦးစိုးမြတ်မင်း ကိုလည်းကောင်း၊ ကစားသမားကိုယ်စားလှယ်လောင်း (၁) နေရာအတွက်အမည်စာရင်းတင်သွင်းသူတစ်ဦးသာရှိရာ စာရင်းတင်သွင်းခဲ့ သည့် ဦးသီဟစည်သူကိုလည်းကောင်း၊ အမျိုးသမီးကိုယ်စားလှယ်လောင်း (၁) နေရာ အတွက် စာရင်းတင်သွင်းသူ တစ်ဦးသာရှိရာ စာရင်းတင်သွင်းခဲ့သည့် ဒေါ်သိန်းသိန်းအေးကိုလည်းကောင်း၊ ဒိုင်ကိုယ်စားလှယ်လောင်း (၁) နေရာအတွက် ဒိုင်အစုအဖွဲ့မှမဲပေး ရွေးချယ်ထားသည့် ဦးလှတင့်ကိုလည်းကောင်း MFF ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက အဆိုပြုခဲ့ပြီး MFF

မဲပေးရွေးချယ်မှုများ အပြီးတွင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့ဘောလုံးလောကအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုကို လေးစားအသိအမှတ်ပြုသောအားဖြင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်းဦးသောင်းထိုက်အား ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် ဆုတံဆိပ်နှင့်တကွ ပေးအပ်ခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယကများအဖြစ် ဦးအောင်ကိုဝင်းနှင့် ဒေါက်တာ စိုင်းဆမ်ထွန်းတို့အား အလုပ်အမှုဆောင်အဖွဲ့က အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ပါကြောင်း မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

အခမ်းအနားတွင် မြန်မာ့လက်ရွေးစင် အသင်းအတွက် အာရှချန်ပီယံ အဆင့်အထိ အောင်မြင်မှုများ ရယူပေးခဲ့သော သက်ရှိထင်ရှား ကစားသမားကြီးများအား ဂုဏ်ပြုခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ရာ ရာသက်ပန် လစဉ်ဂုဏ်ပြုထောက်ပံ့ငွေအား ကစားသမားများကိုယ်စား မြန်မာ့လက်ရွေးစင်ဟောင်း ဦးစိုးမြင့်ထံသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုပေးအပ်ခဲ့သည်။ ယင်းနောက် အာဆီယံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Maj.Gen.Khiev Sameth မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ၏ ရွေးကောက်ပွဲညီလာခံ MFF Elective Congress 2024 အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအတွက် ဂုဏ်ပြုစကား ပြောကြားခဲ့ပြီး MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က အလုပ်အမှုဆောင် အဖွဲ့သစ် ကိုယ်စား ကျေးဇူးတင်စကား ပြောကြားကာ ညီလာခံအား ရုပ်သိမ်းခဲ့သည်။

၂၀၂၄ - ၂၀၂၈ သက်တမ်း အတွက်ရွေးချယ်ထားသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ်သည် ညီလာခံပြီးသည်နှင့် ပထမအကြိမ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးအား နိုဗိုတယ် ရန်ကုန်မက်စ်တွင် ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။

■

## MFF Elective Congress 2024သို့ တက်ရောက်လာသည့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်၊ အာရှဘောလုံး အဖွဲ့ချုပ်နှင့် အာဆီယံဘောလုံး အဖွဲ့ချုပ်တာဝန်ရှိသူများ

**Ms. Kanya Keomany**
(FIFA Council Member)

**Mr. Lavin Vignesh**
(FIFA Lead Regional Office)

**Mr. Ahmed Harraz**
(FIFA Senior MAs Governance Services Manager)

**Mr. Karn Mirchandani**
(FIFA MAs Development Manager)

**Ms. Nhodkeo Phawadee**
(Head of ASEAN Unit, AFC MA Division)

**Ms. Varankumar Sagaran**
(Jr Manager of ASEAN Unit, AFC MA Division)

**Maj.Gen. Khiev Sameth**
(President of AFF)

**Mr. Winston Lee**
(General Secretary, AFF)

**Mr. Feisal Eusoff**
(President of Brunei Football Association)

**Mr. PG HJ Jufry Bin PG HJ Jaludin**
(EC Member of Brunei Football Association)





## ၂၀၂၄–၂၀၂၈ သက်တမ်း အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ်

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ဦးဇော်ဇော် |
| ဒုတိယ ဥက္ကဋ္ဌ | - | ဦးပြည့်ဖြိုးတေဇ |
| ဒုတိယ ဥက္ကဋ္ဌ | - | ဦးထိပ်ခွန်နောင်မြင့်ဝေ |
| ဒုတိယ ဥက္ကဋ္ဌ | - | ဒေါက်တာခင်စောဦး |
| အထက်မြန်မာပြည် ကိုယ်စားလှယ် | - | ဦးကျော်စွာထွန်း |
| အထက်မြန်မာပြည် ကိုယ်စားလှယ် | - | ဦးလအောင် |
| အထက်မြန်မာပြည် ကိုယ်စားလှယ် | - | ဦးစောငြိမ်း |
| အောက်မြန်မာပြည် ကိုယ်စားလှယ် | - | ဒေါက်တာ ထက်နိုင်ဝင်း |
| အောက်မြန်မာပြည် ကိုယ်စားလှယ် | - | ဦးဝင်းကိုကို |
| အောက်မြန်မာပြည် ကိုယ်စားလှယ် | - | ဦးသင်းမောင်စိုး |
| မြန်မာ နေရှင်နယ်လိဂ်(၁) ကိုယ်စားလှယ် | - | ဦးဇော်မင်းသိန်း |
| မြန်မာ နေရှင်နယ်လိဂ်(၁) ကိုယ်စားလှယ် | - | ဦးလှကျော်ဝင်း |
| မြန်မာ နေရှင်နယ်လိဂ်(၁) ကိုယ်စားလှယ် | - | ဦးကျော်ဦး |
| မြန်မာ နေရှင်နယ်လိဂ်(၂) ကိုယ်စားလှယ် | - | ဦးထောင်ထာထန်း |
| နည်းပြ ကိုယ်စားလှယ် | - | ဦးစိုးမြတ်မင်း |
| ကစားသမား ကိုယ်စားလှယ် | - | ဦးသီဟစည်သူ |
| အမျိုးသမီးဘောလုံး ကိုယ်စားလှယ် | - | ဒေါ်သိန်းသိန်းအေး |
| ဒိုင်ကိုယ်စားလှယ် | - | ဦးလှတင့် |
| ဖူဆယ်နှင့်သဲသောင်ပြင် ကိုယ်စားလှယ် | - | ဦးဝင်းသော် |







## MFF EXECUTIVE COMMITTEE MEMBER (REFEREE) 2024-2028

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးအလုပ်အမှုဆောင်ကိုယ်စားလှယ် ရွေးကောက်ပွဲကျင်းပ












၂၀၂၄ - ၂၀၂၈ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဒိုင်လူကြီး အလုပ်အမှုဆောင် ကိုယ်စားလှယ် ရွေးကောက်ပွဲ အခမ်းအနားကို ယနေ့ (မတ် ၂၅) နံနက်ပိုင်းက MFF အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ရွေးချယ်ခံကိုယ်စားလှယ် ၃ ဦးနှင့် မဲပေးပိုင်ခွင့်ရှိသည့် ဒိုင်လူကြီးများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။ အခမ်းအနားအစီအစဉ်အရ ရှေးဦးစွာ ဒိုင်လူကြီး အလုပ်အမှုဆောင် ကိုယ်စားလှယ် ရွေးကောက်ပွဲစတင်ကြောင်းကြေညာခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသူ ဒိုင်လူကြီး ၃၉ ဦး ရှိသည့်အနက် ၃၆ ဦး တက်ရောက်ခဲ့သဖြင့် အခမ်းအနား ထမြောက်ကြောင်း အခမ်းအနားမှူးမှ တင်ပြခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းမှ အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)မှ ရွေးကောက်ပွဲ လုပ်ထုံး လုပ်နည်းများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီး အလုပ်အမှုဆောင် ကိုယ်စားလှယ် ရွေးကောက်ပွဲ စတင်ခဲ့ပြီး မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်လောင်းများဖြစ်သည့် ဦးလှတင်က ၁၇ မဲ၊ ဦးခင်မောင်ဝင်းက ၁၃ မဲ၊ ဦးဝင်းသီဟက ၆ မဲ အသီးသီးရရှိခဲ့သည်။

ယင်းနောက် မဲအများဆုံးရရှိခဲ့သည့် ဦးလှတင့်အား မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် ဒိုင်လူကြီး အလုပ်အမှုဆောင် ရွေးကောက်ပွဲ အရွေး ချယ်ခံ ကိုယ်စားလှယ်အဖြစ် ကြေညာခဲ့ပြီ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။



## FOOTBALL DEVELOPEMENT MEETING

# တိုင်းဒေသကြီး/ပြည်နယ်ဘောလုံးအဖွဲ့ချုပ်များနှင့် MFF တို့ ဒေသအလိုက် ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေး

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဘောလုံးဖွံ့ဖြိုးရေး လုပ်ငန်းများအားစနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များ တွေ့ဆုံဆွေးနွေးပွဲကို မတ်လ ၁၅ ရက်နေ့ ညနေပိုင်းက Novotel Yangon Max တွင် ကျင်းပ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့် အဖွဲ့ချုပ်တာဝန်ရှိသူများ၊ ကချင်ပြည်နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးလအောင်၊ ကရင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးတင်ဦး၊ မွန်ပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးသင်းမောင်စိုး၊ ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးစိုးလင်းနှင့် အလုပ်အမှုဆောင် ဦးကျော်ကျော်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် ဒုဥက္ကဋ္ဌဦးရဲလွင်၊ မကွေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမင်းနောင်နှင့် ဒု - ဥက္ကဋ္ဌဦးမောင်မောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဘောလုံး အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးကျော်သက်လှိုင်၊ နေပြည်တော် တိုင်းဒေသကြီး ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌဦးလှမြင့်နှင့် အတွင်းရေးမှူး ဦးအောင်သူရိန်၊ ပဲခူးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဟိန်းသူနှင့် အလုပ်အမှုဆောင် ဦးချမ်းမြေ့အောင်၊ ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာထက်နိုင်ဝင်း တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက်အဖွဲ့ချုပ်၏လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သက်တမ်းအလိုက်ဘောလုံးပြိုင်ပွဲများကျင်းပရေးနှင့် လက်ရွေးစင်အသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လိဂ်ပြိုင်ပွဲနှင့် အမျိုးသမီးဘောလုံး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့်ဆက်သွယ်ဆောင်ရွက်နေသည့်စီမံကိန်းများအားရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ဒေသအသီးသီးတွင် လိုအပ်နေသည့် အခြေခံ ဘောလုံးဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် နည်းပညာနှင့် လူသားအရင်းအမြစ် ဆိုင်ရာလိုအပ်ချက်များ၊ ကစားကွင်း လိုအပ်ချက်များနှင့် ဒိုင်လုပ်ငန်း၊ နည်းပြသင်တန်း၊ လူငယ်ပြိုင်ပွဲများ၊ အမျိုးသမီး ပြိုင်ပွဲများနှင့် အထွေထွေ ဆွေးနွေးခြင်းများကို တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တင်ပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် နည်းပြသင်တန်း၊ ဒိုင်သင်တန်းနှင့် ဒေသတွင်း ဘောလုံးဖွံ့ဖြိုးရေး သင်တန်းများအား ဖွင့်လှစ်ရန်နှင့် လူငယ် ပြိုင်ပွဲများ ပူးပေါင်းကျင်းပသွားရန်၊ အမျိုးသမီးဘောလုံး ဖွံ့ဖြိုးရေး၊ လူငယ်ကစားသမားများ၏ ပညာရေး လစ်ဟင်းမှု မရှိစေရေးနှင့် ကစားသမားကောင်းများ ပေါ်ထွက်လာရေး အစရှိသည့် ဒေသအလိုက် ဘောလုံးတိုးတက်ရေး လုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ် အဖွဲ့ချုပ်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။




# အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆု ဦးဇော်ဇော် ချီးမြှင့်ခြင်းခံရ

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော ၃၄ ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ် ညီလာခံတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆုတစ်ခုဖြစ်သည့် AFC Distinguished Service Award ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဦးဇော်ဇော်၏ ကိုဗစ်ကပ်ရောဂါကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများနှင့် အာရှဒေသဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေး ထူးချွန်စွာဆောင်ရွက်ခဲ့မှုများအတွက် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပြီး FIFA ဥက္ကဋ္ဌ Mr Gianni Infantino နှင့် AFC ဥက္ကဋ္ဌ Mr SHAIKH SALMAN BIN EBRAHIM AL KHALIFA တို့ကိုယ်တိုင် ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

AFC Distinguished Service Award ဆုတံဆိပ်သည် အာရှဒေသ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်စွာ မဆုတ်မနစ်ထမ်းရွက်မှုများ၊ ဘောလုံးအားကစားနှင့်အတူ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် ထူးချွန်စွာဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ပြုပေးအပ်သည့် ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆုဖြစ်ပါသည်။ အခမ်းအနားတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Mr Datuk Seri Windsor John က ဦးဇော်ဇော်သည် ကိုဗစ်ကပ်ရောဂါ ဆိုးရွားစွာရင်ဆိုင်ရချိန်တွင် ရန်ကုန်မြို့၌ ICU/HDU ပါ ကုတင်(၁၀၀၀) ကိုဗစ်စင်တာ၊ မန္တလေးမြို့၌ (၃၇၅) ကုတင်ဆံ့ ကိုဗစ်စင်တာတို့ကို တည်ဆောက်၍ ကိုဗစ်လူနာ (၁၂၀၀၀) ကျော်ကိုအခမဲ့ကုသပေးခဲ့ကြောင်း၊ အခမဲ့ကိုဗစ်စစ်ဆေးရေးစင်တာများကိုလည်း ဆောက်လုပ်၍ လူဦးရေ (၂၂၀၀၀) ကျော်ကို စစ်ဆေးပေးခဲ့ကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူချိန်မှစ၍ ဘောလုံးလောကနှင့် လူသား အကျိုးပြုလုပ်ငန်းစဉ်များတွင် အစဉ်တစိုက်တက်ကြွစွာ ပါဝင်ခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆုကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဦးဇော်ဇော်သည် အာရှဘောလုံး အဖွဲ့ချုပ်၏ Senior Vice President အဖြစ်တာဝန်ယူ ဆောင်ရွက်နေပြီး AFC Social Responsibility ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ AFC Dream Asia Foundation ဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ်လည်းကောင်း အာရှဘောလုံးအဖွဲ့ချုပ်၏ လူမှုရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

# AFC ၏ တစ်နှစ်တာ အကောင်းဆုံးဆုများချီးမြှင့်ပွဲသို့ ဦးဇော်ဇော် တက်ရောက်




အာရှဘောလုံးအဖွဲ့ချုပ် (AFC)၏တစ်နှစ်တာ အကောင်းဆုံးဆုများ ချီးမြှင့်ပွဲကို အောက်တိုဘာ ၂၉ ရက် ညနေက တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင်ကျင်းပခဲ့ပြီးအာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်းဒုတိယဥက္ကဋ္ဌဦးဇော်ဇော်က ၂၀၂၃ ခုနှစ် အတွက်အဖွဲ့ချုပ်(Platinum)ဆုကို ဂျပန်ဘောလုံးအဖွဲ့ချုပ်သို့လည်းကောင်း၊ AFC Regional Association ဆုကိုဗဟိုအာရှဘောလုံးအဖွဲ့ချုပ်သို့လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

အာရှအကောင်းဆုံးကစားသမားဆု(ကျား)ကို Akram Afif (ကာတာ)၊အကောင်းဆုံး ကစားသမား (အမျိုးသမီး) ဆုကို Kiko Seike(ဂျပန်)တို့ ရရှိခဲ့ကြပြီး ကဏ္ဍအလိုက် အကောင်းဆုံးဆုများအား ဆက်လက်ချီးမြှင့်ခဲ့သည်။

## AFC Senior Vice President ဦးဇော်ဇော် AFC Social Responsibility Committee အစည်းအဝေး တက်ရောက်




အာရှဘောလုံးအဖွဲ့ချုပ် AFC ၏ လူမှုရေးကော်မတီ AFC Social Responsibility Committee အစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်က Online Meetingအဖြစ်ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် AFC Senior Vice President ဦးဇော်ဇော်( ဥက္ကဋ္ဌ၊ MFF)၊ အာရှနိုင်ငံများမှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့သည်။

CSR ကော်မတီ အစည်းအဝေးတွင် ဂါဇာတွင်လိုအပ်နေသည့် အားကစားနှင့် ဆေးဘက်ဆိုင်ရာ မိုဘိုင်းဆေးရုံတစ်ခု တည်ဆောက်ရန်၊ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် တစ်ဦးချင်းစီအတွက် လုံခြုံသော ဘောလုံးပတ်ဝန်းကျင်တွင် ပါဝင်နိုင်စေရန် Mental Health Asian Football အစီအစဉ်တို့ကို အတည်ပြုပေးခဲ့သည်။ ထို့အပြင် ကော်မတီအဖွဲ့ဝင်များသည် Down Syndrome နှင့် Autism Spectrum Disorderရှိသူတစ်ဦးချင်းစီအတွက် အတားအဆီးများကျော်ဖြတ်ရေး အားကစား၏ စွမ်းအင်အား အသုံးချရန် ကြိုးပမ်းသည့် အစီအစဉ်ကိုလည်းအတည်ပြုခဲ့သည်။ အလားတူ Football 4 Good , Bridgingthegap, Urawa Red Diamonds' Heartful Social Responsibility, Onside With The Ma-riners စသည့် အစီအစဉ်များကို အတည်ပြုခဲ့ပြီး Child Safe-guarding ကို လည်း ပိုမိုအားကောင်းလာစေရေး ပြုလုပ်ရန် ဆွေးနွေးခဲ့သည်။



## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ၇၄ ကြိမ်မြောက် ကွန်ဂရက်စ်အခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ စီနီယာ ဒုတိယဥက္ကဋ္ဌဦးပြည့်ဖြိုးတေဇ၊ ဒုတိယဥက္ကဋ္ဌဦးထိပ်ခွန်နောင်မြင့်ဝေတို့သည် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် မေလ ၁၇ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ၇၄ ကြိမ်မြောက် ကွန်ဂရက်စ် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ကွန်ဂရက်စ်အား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် ဖီဖာ အမှုဆောင်အဖွဲ့ဝင်များ၊ ဥရောပ၊ အာရှ၊ တောင်အမေရိက၊ မြောက်အမေရိက၊ အာဖရိက ဘောလုံး ကွန်ဖက်ဒရေးရှင်းများ၊ ဖီဖာအဖွဲ့ဝင်နိုင်ငံ အသီးသီးမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၊ ဘောလုံးနယ်ပယ်ပေါင်းစုံမှ ကျွမ်းကျင်ပညာရှင်များနှင့် နာမည်ကျော် ကစားသမားဟောင်းများ၊ ကော်မတီအဖွဲ့ဝင်များ တက်ရောက်နေပြီး ကမ္ဘာ့ဖလား ပြိုင်ပွဲများ၊ အမျိုးသမီး၊ လူငယ် ဖီဖာပြိုင်ပွဲများ၊ အထွေထွေ ဖွံ့ဖြိုးရေးအစီအစဉ်များ အစရှိသည့် ကဏ္ဍအသီးသီး ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

# ဘောလုံးအားကစား ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရန် မြန်မာနှင့်ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ်တို့ MOU လက်မှတ်ရေးထိုး






မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)နှင့်ဆော်ဒီအာရေဗျနိုင်ငံဘောလုံးအဖွဲ့ချုပ် (SAFF)တို့သည် ဘောလုံး တိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် အတွက် နားလည်မှုစာချွန်လွှာ MEMORANDUM OF UNDERSTANDING (MOU) လက်မှတ်ရေးထိုးခြင်းအား မေ ၁၇ ရက်ညနေက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့Bangkok Marriott Marquis Queen's Park ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် MFF ဥက္ကဋ္ဌဦးဇော်ဇော်နှင့် SAFF ဥက္ကဋ္ဌ Yasser Al Misehal တို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်စီနီယာ ဒုတိယ ဥက္ကဋ္ဌဦးပြည့်ဖြိုးတေဇ၊ ဒုတိယ ဥက္ကဋ္ဌဦးထိပ်ခွန်နောင်မြင့်ဝေ၊ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူး Mr. Ibrahim Alkassim၊ တွဲဖက် အထွေထွေ အတွင်းရေးမှူး Mr. Majed Al Sahib၊ အကြီးတန်း အကြံပေးအရာရှိ Mr. Hicham El Amrani တို့ တက်ရောက်ခဲ့ကြသည်။

MOU ရေးထိုးခြင်းကြောင့် လက်ရွေးစင်အသင်းများ စခန်းဝင်လေ့ကျင့်ရေး ပြုလုပ်ခြင်း၊ လေ့ကျင့်ရေးနည်းစနစ်များနှင့် ဘောလုံးနည်းဗျူဟာများ အပြန်အလှန် ဖလှယ်ခြင်း၊ လူငယ်လက်ရွေးစင်အသင်းများ၊ အမျိုးသမီးနှင့် ဖူဆယ်လက်ရွေးစင် အသင်းများ၊ ကလပ်အသင်းများအကြား Football Calendar ချိန်ဆ၍ ခြေစမ်းပွဲများ စီစဉ်ခြင်း၊ လိဂ်ပြိုင်ပွဲများ စီမံခန့်ခွဲမှုများနှင့် ကစားသမားများ ဖွံ့ဖြိုးတိုးတက်ရေး နည်းစနစ်များ မျှဝေခြင်း၊ သင်တန်းများ စီစဉ်ခြင်း အစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာ့ဘောလုံး အားကစား တိုးတက်ရေးအတွက်ဆောင်ရွက်ကြမည်ဖြစ်သည်။ အဆိုပါ MOU ရေးထိုးခြင်းအပြီးတွင် အာရှဘောလုံးအဖွဲ့ချုပ် AFC Senior Vice President ဦးဇော်ဇော်သည် အာရှဘောလုံး အဖွဲ့ချုပ်၏ အလုပ်အမှုဆောင် အစည်းအဝေးအား ဆက်လက် တက်ရောက်ခဲ့သည်။

# လူငယ်ဘောလုံး ဖွံ့ဖြိုးရေး၊ အကယ်ဒမီနှင့် လူငယ်ပြိုင်ပွဲများ MFF နှင့် JFA ပူးပေါင်းဆောင်ရွက်ရန် MOU ရေးထိုး

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်(MFF)သည် လူငယ်ဘောလုံး ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ အကယ်ဒမီကျောင်းများဖွံ့ဖြိုးရေးနှင့် လူငယ်အသင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားရေးအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ် (JFA)နှင့် ပူးပေါင်းဆောင်ရွက်သွားရန် နစ်ဖက်နားလည်မှုစာချွန်လွှာ (MOU)အား ယနေ့ မနက်က လက်မှတ်ရေးထိုးခဲ့သည်။

JFA ရုံးချုပ်တွင် ပြုလုပ်ခဲ့သည့် MOU ရေးထိုးခြင်း အခမ်းအနားသို့ အာရှဘောလုံးအဖွဲ့ချုပ် AFC Senior Vice President ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ MFF) နှင့် ဂျပန် ဘောလုံးအဖွဲ့ချုပ် JFA OuúX Tsuneyasu Miyamoto တို့ တက်ရောက် လက်မှတ် ရေးထိုးခဲ့ကြပြီး MOU ကာလ (၃)နှစ် ကနဦး ထားရှိရန် သဘောတူခဲ့ကြသည်။




MOU အရဆောင်ရွက်မည့် အခန်းကဏ္ဍများ

1. Technical Development
2. Referee Development
3. Women's Football
4. Youth Development









# အာဆီယံဘောလုံးအဖွဲ့ချုပ် ၃၁ ကြိမ်မြောက်ကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် နိုဝင်ဘာ ၂၉ ရက်နေ့မှစတင်ကာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၁ ကြိမ်မြောက် အာဆီယံ ဘောလုံးအဖွဲ့ချုပ် ကွန်ဂရက် 31st Ordinary Congress of the ASEAN Football Federation(AFF) အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ကိုယ်စားလှယ် အဖွဲ့တက်ရောက်လျက်ရှိသည်။ MFF ကိုယ်စားလှယ်အဖွဲ့တွင် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းအရေးမှူး ဦးထွန်းထွန်းအောင်တို့ပါဝင်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအဖွဲ့ဝင် မဲပေးရွေးချယ်ခြင်း၊ အာဆီယံဒေသတွင်းဘောလုံးဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပြိုင်ပွဲများနှင့် အထွေထွေ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

AFF Ordinary Congress တွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ် ကောင်စီဝင် အဖြစ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ ရွေးချယ်ခန့်အပ်ခံရသည်။ ဦးပြည့်ဖြိုးတေဇသည် ၂၀၂၆ ခုနှစ်အထိ အာဆီယံ ဘောလုံးအဖွဲ့ချုပ် AFF Council Member အဖြစ် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်သည်။

# MFF PROJECET & INFRASTRUCTURE



# MFF WOMEN FOOTBALL ACADEMY IN MANDALAY

*Women football academy project is with FIfA 2.0 fund*

**PROJECT AMOUNT - 1.894 MILLION USD**




## CAPACITY DETAILS

**84** female football students

The Mandalay Women Football Academy is designed to have a capacity to accommodate 84 female football students in a structured training environment. This capacity is aimed at creating a focused yet collaborative atmosphere conducive to maximizing athletic development, personal growth, and team dynamics.

# SCOPE OF WORK FOR THE CONSTRUCTION OF THE FOOTBALL ACADEMY FACILITY

This scope outlines the specific areas and functionalities that will be included within the facility across its three floors, ensuring that it caters to the needs of players, coaching staff, and administrative functions.

| Type of Room | Qty |
|---|---|
| Lobby Reception | 1 |
| Lounge | 2 |
| Admin Office | 1 |
| Meeting Room | 1 |
| Male & Female Toilet | 3 |
| Principal Office | 1 |
| Coaching Offices | 2 |

| Type of Room | Qty |
|---|---|
| Medical Room | 1 |
| Classrooms | 2 |
| Dining Hall | 1 |
| Kitchen | 1 |
| Storage | 3 |
| Laundry Room | 1 |
| Gym | 1 |

| Type of Room | Qty |
|---|---|
| Gym Storage | 1 |
| Principal Room | 1 |
| Open Shower | 1 |
| Sauna | 1 |
| Coach Rooms | 3 |
| Bedrooms | 21 |
| Recreation/Library | 1 |



| | |
|---|---|
| Mini Pitch | 1 |

# SCOPE OF WORK FOR THE CONSTRUCTION

The Scope of Work for the MFF Women's Football Academy facility is designed to create a well-rounded environment conducive to athletic training, education, and personal development.

Each area within the facility has been carefully planned to support the overarching goal of nurturing young football talent, while also providing necessary administrative and medical support.

This multi-functional design will ensure that all users have access to the facilities they need to thrive in their training and development.



# COST BREAKDOWN

Name of Project : Women Football Academy (MDY)
Project Location : Mandalay Division
GIFA : 3,477 sqm

| Sr No. | Description | Total Cost of Element (USD) |
|---|---|---|
| A | FACILATING WORKS AND BUILDING WORKS | |
| | Skeleton Framework -RCC Single Foundation Type and Reinforced Concrete & Steel Frame Roofingwith 4 angle sheet | 481,066 |
| | Internal / External finishes | 555,077 |
| | Loose Furnitures | 69,020 |
| | MEP Services & Transformer | 384,853 |
| | Infra Works | 136,560 |
| | Mini Soccer Pitch (30 m x 20 m) | 23,853 |
| | SUB TOTAL FACILATING WORKS AND BUILDING WORKS (A) | 1,650,429 |
| B | Main Contractor's preliminaries | 49,513 |
| C | Main Contractor's overhead and fees | 84,998 |
| D | Design Team Fees | 19,612 |
| E | Risk Allowance | |
| F | Inflation Allowance | |
| | | |
| G | Total Cost (Exclude Commercial Tax) | 1,804,552 |
| H | Commercial Tax (on G) | 90,228 |
| I | Total Cost (Include Commercial Tax) | 1,894,780 |

# PROJECT LOCATION MAP



# PURPOSE OF THE PROJECT

The primary purpose of the Myanmar Women Football Academy is to:

- Provide a structured training environment for female footballers.
- Improve the skill level of players, coaches, and referees.
- Promote the values of teamwork, leadership, and sportsmanship among young women.
- Create pathways for talented players to participate in national and international com petitions.
- Increase community engagement and awareness of women's sports.




# IMPACT AND LEGACY

Upon completion, the Mandalay Women Football Academy will play a crucial role in nurturing young female athletes. By developing a strong pool of talent, the academy aims to have participants directly represent the U-17 and U-20 women's national teams. This commitment to excellence can significantly impact Myanmar's qualification efforts for prestigious tournaments, including the AFC U20 Women Asian Cup and FIFA U-20 Women's World Cup in the future, creating a lasting legacy of competitive success and inspiration for future generations of female athletes in Myanmar.

---

The Mandalay Women Football Academy represents a transformative investment in the future of women's football in Myanmar. With the support of the FIFA Forward Program, this initiative is positioned to uplift the standard of women's football, create pathways for international competition, and foster community engagement, ultimately securing a brighter future for aspiring female athletes.



*Project is with FIFA 3.0 fund*

## HIGH PERFORMANCE CENTER (HPC)



2025 ONWARDS U-15,U17 BOYS AND GIRLS LEAGUE

MFF U13 GIRLS LEAGUE
2024-2025

MFF U15
YOUTH LEAGUE
2024

# MFF INFRASTRUCTURE



၂၀၂၄ ခုနှစ်အတွင်း ဘောလုံးအဖွဲ့ချုပ်ပိုင် လေ့ကျင့်ရေးကွင်း (၁) အား ပရိသတ်ပွဲကြည့်စင် တည်ဆောက်ခြင်း။









၂၀၂၄ ခုနှစ်အတွင်း ဘောလုံးအဖွဲ့ချုပ်ပိုင် အကယ်ဒမီလေ့ကျင့်ရေး မြင်ခင်းတုကွင်း(၁)အား မြက်ခင်းအသစ်များ ခင်းခြင်း။

# MFF
# ACTIVITIES



# ရေဘေးသင့် မိသားစု (၁၂၀၀)ထံသို့ မြန်မာ့ဘောလုံးမိသားစု အဖွဲ့များ သွားရောက် ပံ့ပိုးလှူဒါန်း








မြန်မာ့ဘောလုံးလောကမှ ကစားသမား လက်ရွေးစင်ဟောင်းများ၊ နည်းပြများ၊ ကလပ်အသင်းပိုင်ရှင်များ၊ ဖူဆယ် ကစားသမားများ၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)ဒုတိယ ဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဦးဆောင်ပြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာထက်နိုင်ဝင်း၊ MFF နှင့် MNL တို့မှဝန်ထမ်းများ ပါဝင်သည့် မြန်မာ့ဘောလုံး မိသားစုသည် စက်တင်ဘာ ၁၇ ရက်နေ့တွင်အဖွဲ့များခွဲ၍ ရေဘေးသင့်ရာဒေသများသို့သွားရောက်၍ပံ့ပိုးကူညီလှူဒါန်းခဲ့ကြသည်။

မြန်မာ့ဘောလုံးမိသားစု ရေဘေးကူညီရေးအဖွဲ့များသည် ပျော်ဘွယ်နှင့် လယ်ဝေးခရိုင် ရေဘေးသင့်ဒေသများမှ မိသားစုများ အတွက် စုစုပေါင်းငွေကျပ်သိန်း(၁၀၀၀)တန်ဖိုးရှိသည့်မိသားစု တစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ခေါက်ဆွဲ နှင့်ဆေးဝါး၊ မြန်မာအသင်း ဂျာစီ(၁)၊ ဆေးဝါးနှင့် ရိက္ခာခြောက်များ ပါဝင်သည့်အိတ်များအား မိသားစု (၁၂၀၀) အတွက် သွားရောက်ပံ့ပိုးလှူဒါန်းခဲ့ကြသည်။ မြန်မာ့ဘောလုံးမိသားစု အနေဖြင့် ရေဘေးသင့်ဒေသများ အတွက် ပံ့ပိုးကူညီမှုများအား ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။











# အသက်(၇၀)နှစ်နှင့်အထက် ဥက္ကဋ္ဌဟောင်း၊ အတွင်းရေးမှူးဟောင်း၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း၊ ဒိုင်လူကြီးဟောင်းများအား မြန်မာ့ဘောလုံးမိသားစုမှ ဂါရဝပြုကန်တော့ပွဲ ကျင်းပ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)ဦးဆောင်သည့် မြန်မာ့ဘောလုံးမိသားစုသည် အသက်(၇၀)နှစ်နှင့်အထက် ဥက္ကဋ္ဌဟောင်းများ၊ အတွင်းရေးမှူးဟောင်းများ၊ မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းကြီးများ၊ ဒိုင်လူကြီးဟောင်းများအား ဂါရဝပြု ကန်တော့ပွဲကို အောက်တိုဘာ ၂၅ရက် နံနက်(၁၀)နာရီက MFF Futsal Stadium တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီဝင်များ၊ ကလပ်အသင်းပိုင်ရှင်များ၊ ဖူဆယ်ကော်မတီနှင့်ဖူဆယ်လိဂ်အဖွဲ့ဝင်များ၊ နည်းပြများ၊ မြန်မာ့လက်ရွေးစင်ကစားသမားများနှင့် ဝန်ထမ်းများမှ ဂါရဝပြု လက်ဆောင်များဖြင့် ဝါကျွတ်ကန်တော့ခဲ့ကြပြီး ကန်တောခံပုဂ္ဂိုလ်ကြီးများ ကိုယ်စား အဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးသောင်းထိုက်၊ မြန်မာ့လက်ရွေးစင်ဟောင်းနှင့် အတွင်းရေးမှူးဟောင်းဦးတင်အောင်(ဂိုး)တို့က ဆုံးမသြဝါဒစကားပြောကြားခဲ့သည်။ မြန်မာ့ဘောလုံးမိသားစုအနေဖြင့် ကန်တော့ခံ ပုဂ္ဂိုလ်ကြီးများ စုစုပေါင်း (၁၂၀) ဦးအတွက် တစ်ဦးလျှင်ကျပ် ၂ သိန်းစီနှင့် မြန်မာ့လက်ရွေးစင် အသင်းဂျာစီများ၊ အဝတ်အထည်များဖြင့် ဝါကျွတ်ဂါရဝပြု ကန်တော့ခဲ့သည်။






# နိုင်ငံ့ဂုဏ်ဆောင် ရွှေခေတ်လက်ရွေးစင် ကစားသမားကြီးများအတွက် ဂုဏ်ပြုထောက်ပံ့ငွေ ရာသက်ပန်ပေးအပ်



အာရှချန်ပီယံဆုနှင့် အရှေ့တောင်အာရှ ချန်ပီယံဆုတံဆိပ်များကို ရယူပေးနိုင်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင် ရွှေခေတ် လက်ရွေးစင် ကစားသမားကြီးများအတွက် လစဉ် ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန်လ ၅ ရက်နေ့ နေ့လယ်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ရွှေခေတ် လက်ရွေးစင် ကစားသမားကြီးများ၊ ဇေယျာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ဂုဏ်ပြုထောက်ပံ့ငွေအနေဖြင့် အာရှချန်ပီယံဖြစ်ခဲ့ဖူးသူ (၁၁)ဦးအား တစ်ဦးလျှင် လစဉ် (၃)သိန်းကျပ်နှုန်း၊ အရှေ့တောင်အာရှချန်ပီယံ ဖြစ်ခဲ့ဖူးသူ (၁၂)ဦးအား တစ်ဦးလျှင် လစဉ်(၁)သိန်းကျပ်နှုန်းဖြင့် ဇေယျာဝတီဖောင်ဒေးရှင်းက ရာသက်ပန် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အခမ်းအနားတွင် ရွှေခေတ်ကစားသမားကြီး တစ်ဦးဖြစ်သူ ဦးစိုးမြင့်မှ အဖွင့်နှုတ်ခွန်းဆက် စကားပြောကြားခဲ့ပြီးနောက် ရွှေခေတ် ကစားသမားကြီးများကို ဇေယျာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ထို့နောက်တွင် ရွှေခေတ် ကစား သမားကြီးတစ်ဦးဖြစ်သော ဦးတင်အောင်(ဂိုး)မှ ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ပြီး အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



# AFC WOMEN'S FOOTBALL DAY 2024

## အမျိုးသမီးဘောလုံးပွဲတော် ကျင်းပ

အာရှဘောလုံး အဖွဲ့ချုပ်အစီအစဉ်တစ်ရပ်ဖြစ်သည့် AFC Women's Football Day 2024 အမျိုးသမီး ဘောလုံးပွဲတော်အားမြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ မတ် ၈ ရက်နေ့ မနက် (၇)နာရီက ဗဟန်း အားကစားကွင်းတွင် ကျင်းပခဲ့ရာ အခြေခံပညာဦးစီးဌာနမှ ကျောင်းသူဦးရေ(၂၅၀) နှင့် ဆရာ / ဆရာမဦးရေ(၄၀)တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

နိုင်ငံတကာ အမျိုးသမီးများနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သည့် အဆိုပါအမျိုးသမီး ဘောလုံးပွဲတော်သို့ ရန်ကုန်တိုင်း ဒေသကြီး ပညာရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများ၊ ဆရာ။ဆရာမများနှင့် မိဘများ၊ ဧည့်သည်တော်များနှင့် ကျောင်းသူများ တက်ရောက် ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကား ပြောကြားပြီးနောက် အမျိုးသမီး ဘောလုံးပွဲတော် အစီအစဉ်များအား ဆက်လက်ကျင်းပခဲ့သည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမားများအား အနီအသင်းနှင့် အဖြူအသင်း နှစ်သင်းခွဲကာ သရုပ်ပြခြေစမ်းပွဲ ကျင်းပခဲ့ပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်၍ အခမ်းအနား ရုပ်သိမ်းခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ဘောလုံးပွဲတော်များအား အာရှဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထို့အပြင်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မတ်လ ၇ ရက်၊ နံနက်(၁၀း၀၀)နာရီက အာရှဘောလုံးအဖွဲ့ချုပ်၏ AFC Women's Football Days 2024 အစီအစဉ်မှ Workshop on Women's Football Development အမျိုးသမီး ဘောလုံးဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို အဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့သည်။ ယင်း နောက် တက်ရောက်လာသည့် သင်တန်းသူ (၆၀)ဦးအား Certificates ပေးအပ်ခဲ့ပြီး အခမ်းအနား ရုပ်သိမ်းခဲ့သည်။





# AFC GRASSROOTS FOOTBALL DAY 2024

## အခမ်းအနား ကျင်းပ








AFC GRASSROOTS FOOTBALL DAY 2024 အခမ်းအနားကို ယနေ့ (မေ ၁၅ ရက်) နံနက်ပိုင်းက ဗဟန်း အားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သည့် ဦးလှတင့်၊ ဦးစိုးမြတ်မင်း၊ ဦးသီဟစည်သူ၊ ခေတ္တအထွေထွေ အတွင်းရေးမှူးဦးအောင်မျိုးစော၊ တွဲဖက် အထွေထွေအတွင်းရေးမှူးဦးထွန်းထွန်းအောင်၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်နှင့် တာဝန်ရှိသူများ၊ နည်းပြဆရာများနှင့် အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွဲဖက် အထွေထွေအတွင်း ရေးမှူးဦးထွန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက ကွင်းအတွင်း ဘောလုံးများ ကန်သွင်းကာ AFC GRASSROOTS FOOTBALL DAY 2024 အခမ်းအနားကိုဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် နည်းပြဆရာများက အခြေခံ ပညာကျောင်းများမှ ကျောင်းသားကျောင်းသူများကိုအခြေခံဘောလုံးပညာများသင်ကြားပေးခဲ့ပြီးအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

# EMPOWERING GIRLS ON AND OFF FIELD WORKSHOP ကျင်းပပြုလုပ်



အမျိုးသမီးကစားသမားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ပြီး Empowering Girls On and Off Field Workshopကိုအောက်တိုဘာ ၁၅ ရက်ကမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့အမျိုးသမီးဘောလုံး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာခင်စောဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း၊ မြန်မာလက်ရွေးစင် အမျိုးသမီး ယူ - ၂၀အသင်းနှင့် YREO အမျိုးသမီးအသင်းတို့ တက်ရောက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ရှေးဦးစွာ အမျိုးသမီးဘောလုံး ကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်နှင့် ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်စောဦးတို့က အမှာစကားအသီးသီး ပြောကြားခဲ့သည်။ ယင်းနောက် (1)Mental Discipline, Team Work, Self Improvement (2) Women Empowerment (3) Injury Prevention and Recovery (4) Stretching and Nutrition (5) Leadership and Confidence စသည့် ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာအလိုက် ပညာရှင်များက ဆွေးနွေးဟောပြောမှုများ ပြုလုပ်ခဲ့ သည်။ ထို့နောက် Mental Health, Leadership and Confidence ခေါင်းစဉ်ဖြင့် Panel Discussion ပြုလုပ်ခဲ့ရာ ပညာရှင်များဖြစ်သည့် ဒေါ်နီနီရွှေဝင်း၊ ဒေါ်အိအိခင်တို့နှင့်အတူ မြန်မာ့လက်ရွေးစင်အမျိုးသမီးကစားသမားများဖြစ်သည့် ခင်မာလာထွန်းနှင့် စန်းသော်သော်၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်ကစားသမား ယွန်းမီမီလွင်တို့က ဆွေးနွေးမှုပြုလုပ်ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။ Empowering Girls On and Off Field Workshop အား အမျိုးသမီး ဘောလုံးကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးဌာနတို့ ပူးပေါင်းပြီး ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။






# အမျိုးသမီး ပရိုလိုင်စင်နည်းပြ သင်တန်းတက်ရောက်ရန် ဒေါ်စန်းစန်းသိန်း ဂျပန်နိုင်ငံသို့ ထွက်ခွာ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း လက်ထောက်နည်းပြဒေါ်စန်းစန်းသိန်းသည်အာရှဘောလုံးအဖွဲ့ချုပ်(AFC)နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)တို့စီစဉ်သည့် AFC အမျိုးသမီး ပရိုလိုင်စင် နည်းပြ သင်တန်းတက်ရောက်ရန်ယနေ့ညနေပိုင်းကဂျပန်နိုင်ငံသို့ထွက်ခွာသွားခဲ့သည်။ ဒေါ်စန်းစန်းသိန်းသည် သင်တန်းကာလအတွင်း စာတွေ့လက်တွေ့သင်ယူမှုများ၊ စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးပါက မြန်မာ့ဘောလုံး သမိုင်းတစ်လျှောက် ပထမဆုံး အမျိုးသမီး ပရိုလိုင်စင်ရ နည်းပြတစ်ဦးအဖြစ် တာဝန်ယူဆောင်ရွက် နိုင်မည်ဖြစ်သည်။

# FIFA-MFF U-17 LEAGUE 2023-24 အမှတ်ပေးပြိုင်ပွဲ ရှမ်းအသင်းဖိုလ်စွဲ




FIFA-MFF U-17 League 2023-24 ပြိုင်ပွဲ နောက်ဆုံး ပွဲစဉ် Game week 22 အဖြစ် ရှမ်းအသင်းနှင့် ရခိုင်အသင်းတို့ သုဝဏ္ဏကွင်းအတွင်း ယနေ့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းအသင်းက ၂-၀ ဂိုးဖြင့် အနိုင်ရသဖြင့် အမှတ်ပေး ချန်ပီယံဆုကို ရရှိခဲ့သည်။ Game week 21 အထိ ရခိုင်အသင်းက ၅၄ မှတ်၊ ရှမ်းအသင်းက ၅၃ မှတ်ဖြင့် အကြိတ်အနယ်ဖြစ်နေရာမှ ယနေ့ပွဲတွင် ရှမ်းအသင်း က အနိုင်ရခဲ့သဖြင့် အမှတ်ပေးချန်ပီယံဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် သွင်းဂိုး ၂၁ ဂိုးဖြင့် ပူးတွဲဂိုးသွင်းအများဆုံးဆုရရှိသူ ရှမ်းအသင်းမှ ကြယ်ရောင်မင်း လေးကိုရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦးက ဂုဏ်ပြုဆုနှင့် ဆုကြေးငွေ ကျပ် ၅ သိန်း၊ ရခိုင်ယူနိုက်တက် အသင်းမှ ထူးဝဏ္ဏကို ရန်ကုန်တိုင်း ဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ဂုဏ်ပြုဆုနှင့် ဆုကြေးငွေ ကျပ် ၅ သိန်း ချီးမြှင့်ခဲ့သည်။ အကောင်းဆုံး ကစားသမားဆုရရှိသူ ရှမ်းအသင်းမှ ခွန်ဆောင် ညဏ်ကို ရခိုင်ယူနိုက်တက် အသင်းပိုင်ရှင် ဦးလှကျော်ဝင်းက ဂုဏ်ပြုဆုနှင့် ဆု ကြေးငွေကျပ် ၅ သိန်း ချီးမြှင့်ခဲ့သည်။

တတိယရရှိသည့် နေပြည်တော်ယူနိုက်တက်အက်ဖ်စီအသင်းအား မြန်မာနေရှင်နယ်လိဂ် ကော်မတီဥက္ကဋ္ဌဦးဇော်မင်းသိန်းက တစ်ဦးချင်း ဆုတံဆိပ် နှင့် ဆုကြေး ငွေကျပ်သိန်း ၂၀ ချီးမြှင့်ခဲ့သည်။ ဒုတိယဆုရရှိသည့် ရခိုင်ယူနိုက် တက်အက်ဖ်စီအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးထိပ် ခွန်နောင်မြင့်ဝေက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀ ချီးမြှင့်ခဲ့ သည်။ အမှတ်ပေး ချန်ပီယံ ရှမ်းအက်ဖ်စီ အသင်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ငွေကျပ် သိန်း ၅၀ ချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန် ကြီး ဦးဌေးအောင်က ချန်ပီယံ ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့သည်။

# လတ်ဗီယားနိုင်ငံတွင်ပြုလုပ်နေသည့် ဖီဖာအလုပ်ရုံဆွေးနွေးပွဲ မြန်မာအဖွဲ့ တက်ရောက်




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က လတ်ဗီးယားနိုင်ငံတွင်ပြုလုပ်သည့် FIFA Technical Leadership Introductory Workshop for Technical Directors and leadership collaboration with General Secretaries အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူးဦးထွန်းထွန်းအောင်နှင့် နည်းစနစ် ဒါရိုက်တာ မိတ မီချီတဲရှိတို့တက်ရောက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအား အောက်တိုဘာ ၂၁ မှ ၂၅ ရက်နေ့အထိကျင်းပခဲ့ခြင်းဖြစ်ပြီးနည်းစနစ်ဒါရိုက်တာအသစ်များ၏လုပ်ငန်းတာဝန်များ၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု၊ ဖီဖာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာရေးအတွက်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အထွေထွေ အတွင်းရေးမှူးသစ်များ နှင့်သက်ဆိုင်သည့် Workshop သို့ ဆွီဒင်၊ ချီလီ၊ ကနေဒါ၊ အီကွေတိုရီယယ်ဂူနီယာနှင့်မြန်မာတို့မှအထွေထွေအတွင်းရေးမှူးသစ်များတက်ရောက်ကြသည်။

# AFC အားကစားဆေးပညာသင်တန်း ကျင်းပပြီးစီး






မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် ပြည်တွင်း၌ အားကစားဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ AFC Football Medicine and Anti-Doping Course သင်တန်းကို အာရှဘောလုံးအဖွဲ့ချုပ် (AFC)နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ နိုဗိုတယ် ရန်ကုန်မက်စ်တွင် ဖွင့်လှစ်ခဲ့သည်။ သင်တန်းဆင်းပွဲ အခမ်းအနားအား ယနေ့ညနေ (၄:၀၀) နာရီက နိုဗိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပခဲ့ရာ အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာရှဘောလုံး အဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ Dato' Dr. Gurcharan Singh တို့က သင်တန်းဆင်း အမှာစကားများ ပြောကြားခဲ့ပြီး သင်တန်းနည်းပြများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသား တစ်ဦးမှ AFC အားကစားဆေးပညာ သင်တန်းမှ သင်ယူခဲ့ရသည်များနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ AFC Football Medicine and Anti-Doping Course အားကစားဆေးပညာ သင်တန်းအား အာရှဘောလုံးအဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ Dato' Dr. Gurcharan Singh, AFC Instructors များဖြစ်သည့် MR. Trevor Law (Australia)၊ ပရော်ဖက်ဆာ ဒေါက်တာ ခင်စောဦး၊ ဒေါက်တာ ကျော်သန့်ဇင်၊ ဒေါက်တာယုနန္ဒာထွန်း တို့က တာဝန်ယူပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူဦးရေ (၆၄) ဦး တက်ရောက်ခဲ့ကြသည်။

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မိတ်ဖက်စပွန်ဆာများ စာချုပ်ချုပ်ဆို







မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ထောက်ပံ့ကူညီမှုများ ပေးအပ်မည့် စပွန်ဆာများနှင့် စာချုပ်,ချုပ်ဆိုပွဲ အခမ်းအနားကိုအောက်တိုဘာ ၁၀ ရက် မွန်းလွဲ (၂း၀၀) နာရီက နိုဗိုတယ် ရန်ကုန် မက်စ်တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က တက်ရောက်လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ဆိုခဲ့ပြီး စပွန်ဆာ စာချုပ် ချုပ်ဆိုခြင်းများအား အစီအစဉ်အလိုက် ကျင်းပခဲ့သည်။

စပွန်ဆာ စာချုပ်များ ချုပ်ဆိုရာတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒုတိယ ဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်တို့က မိတ်ဖက်စပွန်ဆာများဖြစ်သည့် Main Sponsor ဧရာဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်၊ Co Sponsor များဖြစ်သည့် Fresh, Alpine, Novotel, Forever Media Group (Host Broadcaster) တို့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြပြီး အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်တာဝန်ရှိသူများ၊ မိတ်ဖက်စပွန်ဆာများဖြစ်သည့် Fresh မှ စီအီးအို ဦးဇေယျသူရမွန် နှင့် ဦးလှမျိုးသန့် (Head of Finance and Account)၊ AYA Bank အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်မှ စီအီးအို ဒေါ်သဇင်အောင်နှင့် ဦးနေလင်းထွဋ် (Chief Business Officer)၊ Loi Hein Co.,Ltd (Alpine)မှ ဒါရိုက်တာများဖြစ်သည့် ဦးစိုးမိုးလှိုင်နှင့် ဦးဝင်းမြင့်၊ Novotel မှ ဒါရိုက်တာ ဒေါ်အေး သက်ပိုင်နှင့် အထွေထွေမန်နေဂျာ Mr. Jerome Stubert, Forever Media Group မှ Chief Operating Officer ဒေါက်တာဟိန်းထက်အေးနှင့် မန်နေဂျာ ဦးထက်ဝေယံဝင်း၊ မြန်မာ့လက်ရွေးစင် ကစားသမားများ၊ ကလပ်အသင်းတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

# FOOTBALL DEVELOPMENT WORKSHOP ပြုလုပ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံ့ဘောလုံးအားကစား တိုးတက်မြင့်မားရေးအတွက် Football Development Workshop တစ်ရပ်အား ယနေ့မနက် ၁၀း၃၀ နာရီက နိုဗိုတယ်ရန်ကုန်မက်စ်တွင်ကျင်းပခဲ့သည်။ အလုပ် ရုံဆွေးနွေးပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ်(၁)၊ လိဂ်(၂)နှင့် အမျိုးသမီးလိဂ်၊ ဖူဆယ်လိဂ်တို့မှ ကလပ်အသင်းပိုင်ရှင်များနှင့် အသင်းတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်၊ အမျိုးသမီးဘောလုံးနှင့် ဖူဆယ်အားကစား စသည့် ကဏ္ဍများအားတက်ရောက်သူအသီးသီးကဆွေးနွေးခဲ့ကြသည်။



# အားကစားစိတ်ပညာနှင့်ပတ်သက်သည့် အစီအစဉ်ဖြစ်သော
# ASPASP Mentor-Mentee program 2024 ပြုလုပ်









မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်နှင့် Asian South-Pacific Association of Sports Psychology(ASPASP)တို့ပူးပေါင်းဖွင့်လှစ်သည့် ASPASP Mentor-Mentee program 2024 ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဆေးဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပရော်ဖက်ဆာ ဒေါက်တာ ခင်စောဦး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင် အရာရှိချုပ် ဦးစိုးမိုးကျော်၊ Asian South-Pacific Association of Sports Psychology (ASPASP)ဥက္ကဋ္ဌ Professor Kim Youngho နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်မှ ဒေါက်တာထက်ဇေယျာနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဆေးဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပရော်ဖက်ဆာ ဒေါက်တာ ခင်စောဦးနှင့် Asian South-Pacific Association of Sports Psychology (ASPASP)ဥက္ကဋ္ဌ Professor Kim Youngho တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး MFF နှင့် ASPASP တို့အကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်း အားကစား အဖွဲ့ချုပ်နှင့် Asian South-Pacific Association of Sports Psychology တို့အကြား အပြန်အလှန် လက်ဆောင်လဲလှယ်ပေးအပ်ပြီး အခမ်းအနားတက်ရောက်လာသူများ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ASPASP Mentor-Mentee program သည် အားကစား စိတ်ပညာ နှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်ပြီး သင်တန်းသို့ မြန်မာနေရှင်နယ်လိဂ်၊ လိဂ် - ၂၊ မြန်မာ အမျိုးသမီးလိဂ်၊ မြန်မာယူ - ၂၀ လိဂ်၊ ဖူဆယ်လိဂ်နှင့် မသန်စွမ်း အားကစား အဖွဲ့ချုပ်မှ နည်းပြများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂၉၊ ၃၀ နှစ်ရက် ဖွင့်လှစ်သွားခဲ့သည်။

# မြန်မာ့လက်ရွေးစင် နည်းပြအဖြစ် ဦးမျိုးလှိုင်ဝင်းအား ခန့်အပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၄ - ၂၅ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ရှိနေသည့် မြန်မာ့လက်ရွေးစင် အသင်းအတွက် နည်းပြအဖြစ် ဦးမျိုးလှိုင်ဝင်း အား ယခု စက်တင်ဘာလမှ စတင်၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

ဦးမျိုးလှိုင်ဝင်းသည် ၁၉၈၇ ခုနှစ်မှ စတင်ကာ မြန်မာ့လက်ရွေးစင်အသင်းတွင်ပါဝင်ကစားခဲ့ပြီး ၂၀၀၄ ခုနှစ်တွင်ကစားသမားဘဝအနားယူခဲ့သည်။ ပြည်တွင်းအမှတ်ပေးပွဲများတွင်လည်းကောင်း၊ မလေးရှားလိဂ်၊ ထိုင်းလိဂ်တို့တွင်လည်းကောင်း ပရော်ဖက်ရှင်နယ် အဖြစ် သွားရောက်ကစားခဲ့ပြီး အာဆီယံဒေသတွင်း ထင်ရှားသည့်ကစားသမားတစ်ဦးဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် နည်းပြအဖြစ် အဲပုဂံအသင်းနှင့်အတူ စတင်ခဲ့ပြီး သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင် အသင်းများ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအား တာဝန်ယူခဲ့ပြီး ကစားသမား ဘဝတွင်လည်းကောင်း၊ နည်းပြဘဝတွင်လည်းကောင်း အောင်မြင်မှုများ ရရှိခဲ့သူဖြစ်သည်။




# လူငယ်မျိုးဆက်သစ် ရှာဖွေဖော်ထုတ်ရေး တာဝန်ခံအဖြစ် ဦးကြည်လွင်အား ခန့်အပ်




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)သည် မျိုးဆက်သစ် မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးလူငယ်ကစားသမားများ ရှာဖွေဖော်ထုတ်ရေးနှင့် သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင် အသင်းများ အောင်မြင်မှုရရှိရေး အတွက် လူငယ်မျိုးဆက်သစ် ရှာဖွေဖော်ထုတ်ရေး (Scouting) တာဝန်ခံအဖြစ် ဦးကြည်လွင်အား စက်တင်ဘာ ၁၀ ရက်မှစတင်ကာ ခန့်အပ်တာဝန် ပေးလိုက်သည်။ ဦးကြည်လွင်သည် လိဂ်ပြိုင်ပွဲများ၊ MFF ကကျင်းပသည့် ယူ - ၁၅၊ ယူ - ၁၇ လိဂ်ပြိုင်ပွဲများ၊ သက်တမ်းအလိုက် ပြိုင်ပွဲများမှ လူငယ် ကစားသမားများအား အကဲဖြတ် လေ့လာမှုများ ပြုလုပ်ခြင်း၊ နှစ်စဉ်ဆောင်ရွက်နေသည့် လူငယ်နှင့် အကယ်ဒမီ ကစားသမား ရွေးချယ်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပသည့် လူငယ်ပြိုင်ပွဲများမှ ထူးချွန်မျိုးဆက်သစ်များအား ရှာဖွေဖော်ထုတ်ခြင်း စသည့် Scouting လုပ်ငန်းများကို ဦးစီးဆောင်ရွက်သွားမည် ဖြစ်သည်။

# AFC TECHNICAL COMMITTEE MEETING ဦးတင်မြင့်အောင် တက်ရောက်

အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ နည်းစနစ်ကော်မတီဝင်တစ်ဦးဖြစ်သည့် ဦးတင်မြင့်အောင်သည် မေလ ၃ ရက်က ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် AFC Technical Committee အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကော်မတီသည် အာရှဒေသတွင်း ပြိုင်ပွဲများ၊ အမျိုးသမီးဘောလုံး ဖွံ့ဖြိုးရေးနှင့် တစ်ဦးချင်း အကောင်းဆုံးဆုများချီးမြှင့်ရေး၊ နည်းစနစ်ပိုင်း တိုးတက်ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး အာရှဒေသတွင်းနိုင်ငံများမှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။







# MFF - BEROCCA SUMMER FOOTBALL COURSE

# နွေရာသီ လူငယ် ဘောလုံးသင်တန်း

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် လူငယ်များ ကာယဉာဏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်မျိုးဆက်သစ်များစဉ်ဆက်မပြတ် ထွက်ပေါ်ရေးအတွက် မိတ်ဖက်စပွန်ဆာဖြစ်သည့် Berocca ၏ပံ့ပိုးကူညီမှုဖြင့် ၂၀၂၄ နွေရာသီလူငယ် ဘောလုံးသင်တန်းများကို ရန်ကုန်နှင့် မန္တလေးရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘောလုံးအကယ်ဒမီများတွင် သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

၂၀၂၄ နွေရာသီ လူငယ် ဘောလုံးသင်တန်းကို မတ် ၃ရက်မှ ဧပြီ ၃ ရက်အထိ ရန်ကုန်နှင့်မန္တလေးရှိမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဘောလုံးအကယ်ဒမီများတွင် သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ အခြေခံဘောလုံး သင်တန်းသို့ အသက် ၁၀ နှစ်မှ ၁၅နှစ် အတွင်း (ကျား/မ) မည်သူမဆို တက်ရောက် သင်ယူစေခဲ့ပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ဖွင့်လှစ်မည့် တစ်လကြာ သင်တန်းတွင် နံနက် ၇ နာရီ ၃၀မိနစ် မှ ၉ နာရီအထိ အခြေခံဘောလုံးပညာများ သင်ကြားစေခဲ့ပါသည်။

သင်တန်းအားမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရှိအာရှဘောလုံးအဖွဲ့ချုပ် နည်းပြလိုင်စင်ရ သင်တန်းဆရာများက ကြီးကြပ် သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသားတစ်ဦးချင်းစီအားဝတ်စုံနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပါသည်။ ရန်ကုန် သင်တန်းအတွက် သင်တန်းသားကျား (၂၀၀) ဦးနှင့် မ (၅၀) ဦး၊ မန္တလေးသင်တန်းအတွက် ကျား (၂၀၀) ဦးနှင့် မ (၅၀)ဦး လက်ခံသင်ကြားပေးခဲ့ပါသည်။





# MYANMAR FOOTBALL ACADEMIES TOURNAMENT 2024



Myanmar Football Academies Tournament 2024 ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ သုဝဏ္ဏဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်း ၁ နှင့် ၂ တို့တွင် ပြုလုပ်ခဲ့ပြီး ရန်ကုန်အကယ်ဒမီ၊ တပ်မတော် အကယ်ဒမီ၊ မန္တလေး အကယ်ဒမီ၊ ISPE အကယ်ဒမီများမှ စုစုပေါင်း အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

## GROUP (A) TABLE

| POS | CLUB | PL | W | D | L | GD | PTS |
|---|---|---|---|---|---|---|---|
| 1 | ISPE ( MAWLAMYINE) | 4 | 4 | 0 | 0 | 13 | 12 |
| 2 | ISPE ( MONYWAR ) | 4 | 3 | 0 | 1 | 4 | 9 |
| 3 | TATMADAW FOOTBALL ACADEMY | 4 | 1 | 1 | 2 | 2 | 4 |
| 4 | YANGON ACADEMY(B ) | 4 | 1 | 0 | 3 | -8 | 3 |
| 5 | MANDALAY ACADEMY ( C ) | 4 | 0 | 1 | 3 | -10 | 1 |

## GROUP (B) TABLE

| POS | CLUB | PL | W | D | L | GD | PTS |
|---|---|---|---|---|---|---|---|
| 1 | ISPE ( MANDALAY) | 4 | 3 | 0 | 1 | 12 | 9 |
| 2 | MANDALAY ACADEMY ( B ) | 4 | 2 | 1 | 1 | 2 | 7 |
| 3 | MANDALAY ACADEMY ( A) | 4 | 2 | 1 | 1 | -2 | 7 |
| 4 | YANGON ACADEMY ( A) | 4 | 1 | 0 | 3 | -5 | 3 |
| 5 | ISPE (YANGON) | 4 | 1 | 0 | 3 | -7 | 3 |

# COMMITTEE MEETINGS

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၂/ ၂၀၂၄) ကျင်းပ




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)အလုပ်အမှုဆောင် အစည်းအဝေး(၂/၂၀၂၄)ကိုယနေ့ဧပြီ၂၉ရက်နံနက်ပိုင်းက Novotel Yangon Max ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာခင်စောဦး၊ ဦးပြည့်ဖြိုးတေဇ၊ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ အလုပ်အမှုဆောင်များဖြစ်ကြသည့်ဦးကျော်စွာထွန်း (အထက်မြန်မာပြည်ကိုယ်စားပြု)၊ ဦးလအောင် (အထက်မြန်မာပြည် ကိုယ်စားပြု)၊ ဦးဝင်းကိုကို (အောက်မြန်မာပြည်ကိုယ်စားပြု)၊ ဦးသင်းမောင်စိုး (အောက်မြန်မာပြည်ကိုယ်စားပြု)၊ ဦးဇော်မင်းသိန်း (မြန်မာ နေရှင်နယ်လိဂ် – ၁ ကိုယ်စားပြု)၊ ဦးလှကျော်ဝင်း (မြန်မာနေရှင်နယ်လိဂ် – ၁ ကိုယ်စားပြု)၊ ဦးကျော်ဦး (မြန်မာနေရှင်နယ်လိဂ် – ၁ ကိုယ်စားပြု)၊ ဦးထောင်ထာထန်း(မြန်မာ နေရှင်နယ်လိဂ် – ၂ ကိုယ်စားပြု)၊ ဦးစိုးမြတ်မင်း(နည်းပြကိုယ်စားပြု)၊ ဦးသီဟစည်သူ(ကစားသမားကိုယ်စားပြု)၊ ဒေါ်သိန်းသိန်းအေး(အမျိုးသမီးဘောလုံး ကိုယ်စားပြု)၊ ဦးလှတင့် (ဒိုင်ကိုယ်စားပြု)၊ ဦးဝင်းသော် (ဖူဆယ်နှင့်သဲသောင်ပြင် ကိုယ်စားပြု)၊ ဦးသန်းဇော် (MFF ဘဏ္ဍာရေးမှူး)၊ ဦးဘန်နီတင်အောင်( MFF အကြံပေး)၊ ဦးဇော်မင်းစိန် (MFF ဥပဒေအကြံပေး)၊ ဦးကြည်မင်းသိန်း( ဖူဆယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ)၊ ဦးကျော်စိုးမိုး( အလုပ်အမှုဆောင် အကြံပေးအဖွဲ့ဝင်)၊ ဒေါက်တာသန်းနိုင်စိုး( အလုပ်အမှုဆောင် အကြံပေးအဖွဲ့ဝင်)၊ ဦးကိုကိုဌေး( အလုပ်အမှုဆောင် အကြံပေးအဖွဲ့ဝင်)၊ MFF ခေတ္တအထွေထွေ အတွင်းရေးမှူး ဦးအောင်မျိုးစော၊ မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်နှင့် MFF တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းတို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့လက်ရွေးစင်အသင်းတစ်သင်းချင်းစီအတွက် နှစ်အလိုက် ပြိုင်ပွဲများနှင့် ရည်မှန်းချက်များ၊ ပြင်ဆင်မှုများအား စနစ်တကျပြုစုထားရှိရေး၊ Scouting အဖွဲ့များဖွဲ့စည်းရေး၊ ယူ – ၁၀၊ ယူ – ၁၂ ပြိုင်ပွဲများနှင့် Football Festival ဘောလုံးပွဲတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့်တွင် ကျယ်ကျယ်ပြန့်ပြန့်ကျင်းပရေးနှင့်ယင်းမှတစ်ဆင့်ယူ – ၁၅၊ ယူ – ၁၇ လိဂ်များအားပူးပေါင်းကျင်းပရေး၊ ဒေသတွင်း လူငယ်ပြိုင်ပွဲများမှသည် ယူ – ၁၇၊ ယူ – ၂၀ နှင့် အိုလံပစ်ပြိုင်ပွဲများအထိ ရည်မှန်းချက်ထားရှိရေး၊ ထိုသို့လူငယ်ပြိုင်ပွဲများ ဖော်ဆောင်ရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ လမ်းညွှန်ချက်များအတိုင်း ဒေသအသီးသီးပါဝင်နိုင်ရေးနှင့် အသက်မှန်ကန်မှုရှိရေးအတွက် စနစ်တကျစိစစ်ရေး၊ အမျိုးသမီးဘောလုံးအတွက် လိဂ်ပြိုင်ပွဲနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး၊ ဖူဆယ်လောကနှင့် ပြိုင်ပွဲများ ပိုမိုတိုးတက်ရေး အတွက် တာဝန်ရှိသူများမှ ပိုမိုအားစိုက်ဆောင်ရွက်ရေး၊ (၅)နှစ် စီမံကိန်းဖြင့်အသင်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး စနစ်တကျဆောင်ရွက်ရေး၊ ပံ့ပိုးရေးအပိုင်းဖြစ်သည့် မီဒီယာနှင့်ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ FIFA, AFC တို့နှင့် ဆက်သွယ်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် ပရောဂျက်များ၊ ငွေကြေးသုံးစွဲမှုများနှင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ၊ ကစားကွင်းနှင့် အခြေခံအဆောက်အဦဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်ရေး စသည်တို့အား အကျယ်တဝင့်ရှင်းလင်းပြောကြား





ခဲ့သည်။

ယင်းနောက် ခေတ္တ အထွေထွေ အတွင်းရေးမှူး ဦးအောင်မျိုးစောက မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် အလုပ်အမှုဆောင်များဦးစီးဆောင်ရွက်ကြမည့် Standing Committeeများကိုတင်ပြခဲ့ပြီးတက်ရောက်လာသည့်အဖွဲ့ဝင်များ၏ အတည်ပြုချက်များကို ရယူခဲ့သည်။ အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များဖွဲ့စည်းထားပြီး ဖြစ်သည့်အတွက် သက်ဆိုင်ရာဒေသများတွင် MFF နှင့်ပူးပေါင်း၍ လူငယ်ပြိုင်ပွဲများ ကျင်းပပြီး ထိုမှတစ်ဆင့် ဒေသအသီးသီးမှ ကစားသမားကောင်းများ ပေါ်ထွက်လာရေး၊ နိုင်ငံလက်ရွေးစင်ကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေးတို့အားလည်းကောင်း၊ အဖွဲ့ချုပ်မှ ကျင်းပနေသည့်မြန်မာနေရှင်နယ်လိဂ်(၁)နှင့်(၂)၊ လိဂ်ဖလားပြိုင်ပွဲများ၊ ဖူဆယ်လိဂ်(၁) နှင့်(၂)ပြိုင်ပွဲများ၊ ဖူဆယ်ရှုံးထွက် ပြိုင်ပွဲများ၊ အမျိုးသမီးလိဂ်ပြိုင်ပွဲများ စသည့် ကလပ်ပြိုင်ပွဲ အသီးသီး ပိုမိုတိုးတက်ရေးနှင့် ပြိုင်ပွဲများအား ပရိသတ် စိတ်ဝင်စားမှုရရှိရေး၊ ကလပ်အသင်းများ အင်အားတောင့်တင်းရေးနှင့် ပြိုင်ပွဲများအား မီနိနေရသည့် ကစားသမားများအတွက် အာမခံချက်များ ပိုမိုရရှိရေး စသည်တို့အား Stakeholders များအားလုံး ပူးပေါင်း၍ ဆောင်ရွက်ကြရန် တက်ရောက်လာကြသည့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက အထွေထွေ ဆွေးနွေးချက်များတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

အထွေထွေ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အဖွဲ့ချုပ် ဥက္ကဋ္ဌက ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများအတွင်းမှ ဆောင်ရွက်ရေးနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန တို့နှင့်အတူတကွ လက်တွဲ၍ညီညွတ်မှုဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မှသာ မြန်မာ့ဘောလုံးလောက တိုးတက်နိုင်မည်ဖြစ်ကြောင်း နိဂုံးချုပ်စကားတွင် ထည့်သွင်းပြောကြားကာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် အစည်းအဝေး (၂/၂၀၂၄) အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ဦးစီးဆောင်ရွက်ကြမည့် Standing Committee များ

1. FINANCE AND MARKETING COMMITTEE
2. LEGAL COMMITTEE
3. ORGANIZING COMMITTEE FOR MFF COMPETITONS
4. YOUTH COMPETITIONS COMMITTEE
5. WOMENS FOOTBALL COMMITTEE
6. REFEREES COMMITTEE
7. TECHNICAL AND DEVELOPMENT COMMITTEE
8. PLAYERS STATUS COMMITTEE
9. MEDIA & COMMUNICATIONS COMMITTEE
10. FUTSAL AND BEACH SOCCER COMMITTEE
11. INFRASTRUCTURE COMMITTEE
12. MEDICAL COMMITTEE



# PLAYERS STATUS COMMITTEE နှင့် FINANCE AND MARKETING COMMITTEE အစည်းအဝေးပြုလုပ်






မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် Player Status ကော်မတီနှင့် Finance & Marketing ကော်မတီ အစည်းအဝေးကို ဩဂုတ် ၁၄ရက်က Novotel Yangon Max ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ကော်မတီဥက္ကဋ္ဌ ဦးသီဟစည်သူတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် Corporate Affairs and National Teams Department တာဝန်ခံ ဦးရဲဝင်းအောင်က ကစားသမားများ ဆိုင်ရာကိစ္စရပ်များ တင်ပြခြင်း၊ တက်ရောက်လာသူများက အထွေထွေဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက်အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် Finance & Marketingကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ ကော်မတီ ဒုတိယ ဥက္ကဋ္ဌဦးသန်းဇော်၊ ကော်မတီ အဖွဲ့ဝင်များဖြစ်သည့် ဦးဇော်မင်းသိန်း၊ ဦးထောင်ထာထန်း၊ ဒေါ်ဇင်ဝါမြင့်၊ အထွေထွေအတွင်း ရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌဦးပြည့်ဖြိုးတေဇက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် Chief Finance Officer ဒေါ်သော်သော်ထွန်းက ငွေစာရင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်း။ ထို့နောက် တက်ရောက်လာသူများကအထွေထွေဆွေးနွေးမှုပြုလုပ်ခဲ့ပြီးအစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

# TECHNICAL AND DEVELOPMENT COMMITTEE အစည်းအဝေး (၁/ ၂၀၂၄)ပြုလုပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နည်းစနစ်နှင့်ဖွံ့ဖြိုးမှု ကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကိုဩဂုတ် ၂၈ ရက်၊ (၁း၀၀) နာရီက နီပိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်၊ နည်းစနစ်နှင့်ဖွံ့ဖြိုးမှု ကော်မတီဥက္ကဋ္ဌဦးတင်မြင့်အောင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးမြတ်မင်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးချစ်နိုင်၊ ဦးဇော်လင်းထွန်း၊ ဦးမျိုးမင်းထွန်း၊ ဦးဟန်ဝင်းအောင်၊ ဦးကျော်ဒွန်း၊ ဦးမင်းထွန်းလင်း၊ ဦးသန်းဝဏ္ဏအောင်၊ ဒေါ်သက်သက်ဝင်း၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင် အရာရှိချုပ် ဦးစိုးမိုးကျော်နှင့်ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် MFF ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက်ကော်မတီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ယင်းနောက်အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးနှင့် သက်ဆိုင်ရာဌာန တာဝန်ခံများက မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် နည်းစနစ်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများ၊ မြန်မာ့လက်ရွေးစင်အသင်းများ၏နိုင်ငံတကာပြိုင်ပွဲများနှင့်အသင်းလိုက်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အမျိုးသား အမျိုးသမီး ယူ၁၇၊ ယူ၁၅ လူငယ်လိဂ်ပြိုင်ပွဲပြင်ဆင်မှုများ၊ နည်းပြသင်တန်းများနှင့် ပရိုလိုင်စင်ရရှိရေး ဆောင်ရွက်ချက်များ၊ လက်ရွေးစင်အသင်းများ၏ နည်းပြချုပ်များ ခန့်အပ်တာဝန်ပေးရေးအတွက် လျာထားချက်များအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ကော်မတီက မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ်၊ မြန်မာအမျိုးသမီးလက်ရွေးစင် (ယူ - ၁၇) အသင်းနည်းပြချုပ်လျာထားမှုများအား ဝိုင်းဝန်းဆွေးနွေး၍အတည်ပြုချက်ရယူခဲ့ကြသည်။ ယင်းနောက်မြန်မာ့လက်ရွေးစင် အသင်း၏နိုင်ငံတကာ ခြေစမ်းပွဲများအတွက် ညှိနှိုင်းဆောင်ရွက်နေမှုများနှင့် အာဆီယံချန်ပီယံရှစ် ပြင်ဆင်မှုများ၊ မြန်မာ ယူ - ၁၉ အသင်း၏ ထိုင်းနိုင်ငံသို့သွားရောက်လေ့ကျင့်ခြင်းနှင့် အာရှယူ - ၂၀ ခြေစစ်ပွဲအား ကာဂျစ္စတန်နိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ရေး ပြင်ဆင်ထားမှုများ၊ မြန်မာ ယူ၁၆ အသင်း၏ ကာတာ လေ့ကျင့်ရေး ခရီးစဉ်နှင့် အာရှယူ - ၁၇ ခြေစစ်ပွဲသွားရောက်ယှဉ်ပြိုင်ရေးပြင်ဆင်ထားမှုများ၊ အမျိုးသမီး ယူ - ၁၉ အသင်း၏ ၂၀၂၅ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာရှဖလားယူ၂၀ ခြေစစ်ပွဲ၊ အာဆီယံ ယူ၁၉ ချန်ပီယံရှစ်တို့အတွက် ကြိုတင်ပြင်ဆင်မှုများ၊ ဖူဆယ်လက်ရွေးစင် အသင်းများ၏ အာရှဖူဆယ်ပြိုင်ပွဲများအတွက် ပြင်ဆင်မှုများအား ဝိုင်းဝန်းဆွေးနွေးကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

# WOMENS FOOTBALL COMMITTEE အစည်းအဝေးပြုလုပ်



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)၏ အမျိုးသမီးဘောလုံး ကော်မတီအစည်းအဝေး (၁/၂၀၂၄)အား ဩဂုတ် ၂၈ ရက် ညနေ (၃း၀၀) နာရီက နိုဗိုတယ်ရန်ကုန်မက်စ်တွင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမျိုးသမီးဘောလုံး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်စောဦး၊ အဖွဲ့ဝင်များဖြစ်သည့် ဒေါ်သိန်းသိန်းအေး၊ ဒေါ်စံပယ်ထွန်း၊ ဒေါ်ကလျာဇော်၊ ဒေါ်နိုင်ရာမိုး၊ ဒေါ်ဟေနင်းထက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင် အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ယူကီနှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် MFF ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် ကော်မတီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ယင်းနောက် မြန်မာအမျိုးသမီးလိဂ်နှင့် ပြိုင်ပွဲများ စီစဉ်ဆောင်ရွက်နေမှု၊ ကစားသမား၊ နည်းပြနှင့် ဒိုင်များ ဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ အမျိုးသမီးလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများပြင်ဆင်ထားရှိမှု၊ ဖူဆယ်အမျိုးသမီးပြိုင်ပွဲများနှင့် လက်ရွေးစင်အသင်းများ ပြင်ဆင်ထားရှိမှု၊ အမျိုးသမီး ဘောလုံးလောကဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် အမျိုးသမီးဘောလုံးအကယ်ဒမီ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွင့်လှစ်ရန်ပြင်ဆင်ထားရှိမှုများ၊ ယူ၁၅ အမျိုးသမီးပြိုင်ပွဲအား တောင်ကြီး၊ မန္တလေး၊ ရန်ကုန်စသည့် ဇုန် (၃) ခုဖြင့် ကျင်းပရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတကာပြိုင်ပွဲများ သွားရောက်တာဝန်ထမ်းဆောင်ခြင်းနှင့် ပရိုလိုင်စင် ရရှိရေး ဆောင်ရွက်ချက်များအား အဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ကြသည်။ တင်ပြရှင်းလင်းချက်များအပေါ် MFF ဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အထွေထွေဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

# INFRASTRUCTURE COMMITTEE ၊ ORGANIZING COMMITTEE နှင့် YOUTH COMPETITIONS COMMITTEE အစည်းအဝေးပြုလုပ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘောလုံးကွင်းနှင့် အခြေခံအဆောက်အဦဆိုင်ရာကော်မတီ (Infrastructure Committee)၊ ဘောလုံးပြိုင်ပွဲ ဖြစ်မြောက်ရေး ဦးဆောင်ကော်မတီ(Organizing Committee)၊ လူငယ် ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီ(Youth Competitions Committee) အစည်းအဝေးများကို ယနေ့ (ဇွန် ၁) ရက်က Novotel Yangon Max ၌ သီးခြားစီ အစဉ်လိုက် ကျင်းပခဲ့သည်။

အစည်းအဝေးများသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယ ဥက္ကဋ္ဌဦးထိပ်ခွန်နောင်မြင့်ဝေ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်၊ ဘဏ္ဍာရေးမှူးဦးသန်းဇော်၊ MFF အမှုဆောင်နှင့် လိဂ်ကော်မတီ ဥက္ကဋ္ဌဦးဇော်မင်းသိန်း၊ အဖွဲ့ချုပ် အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ဦးဝင်းသော်၊ ဦးလှကျော်ဝင်း၊ ဦးသီဟစည်သူ၊ ဦးစိုးမြတ်မင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ခေတ္တ အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ သက်ဆိုင်ရာ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဘောလုံးကွင်းနှင့်အခြေခံအဆောက်အဦဆိုင်ရာကော်မတီ (Infrastructure Committee) အစည်းအဝေးကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ကော်မတီ ဥက္ကဋ္ဌဦးကျော်ဆန်းတို့က အသီးသီး အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ဘောလုံးကွင်းများ ပြုပြင်တည်ဆောက်ရေး၊ MFF Futsal ကွင်းအဲယားကွန်း တပ်ဆင်မှုအခြေအနေနှင့် ဖူဆယ်လေ့ကျင့်ရေးကွင်းများ တည်ဆောက်ရေး၊ အမျိုးသမီး ဘောလုံးအကယ်ဒမီ တည်ဆောက်ရေး၊ လေ့ကျင့်ရေးကွင်း၁တွင်ပွဲကြည့်ပရိသတ်စင်တည်ဆောက်နေမှုအခြေအနေတို့အား ဆွေးနွေးမှုများပြုလုပ်ခဲ့ သည်။ အစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်း၊ ဒု - ဥက္ကဋ္ဌဦးသန်းဇော်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဇော်မင်းသိန်း၊ ဦးကျော်စိုးမိုး၊ ဦးစောငြိမ်း၊ ဦးကျော်စွာထွန်း၊ ဒေါ်သက်နှင်းစိုး တို့တက်ရောက်ခဲ့သည်။

ဘောလုံးကွင်းနှင့် အခြေခံ အဆောက်အဦဆိုင်ရာ ကော်မတီ အစည်းအဝေးအပြီးတွင် Organizing Committee အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်၊ ကော်မတီ ဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေတို့က အသီးသီးအမှာစကားများ ပြောကြားခဲ့ကြပြီး ဂျပန်အသင်းနှင့် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်ထားမှုများ၊ မြန်မာ့လက်ရွေးစင်အသင်း ကစားရမည့် နိုင်ငံတကာပြိုင်ပွဲများ၊ အမျိုးသား ယူ - ၁၆ နှင့် ယူ - ၁၉ အသင်းများ ယှဉ်ပြိုင်ရမည့် အာဆီယံ ပြိုင်ပွဲများ စသည်များကို ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဒု - ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးကျော်၊ ဦးဝင်းသော်၊ ဦးလှကျော်ဝင်း၊ ဦးသင်းမောင်စိုး၊ ဦးလအောင်၊ ဦးကျော်စွာထွန်း၊ ဦးသီဟစည်သူ တို့တက်ရောက်ခဲ့သည်။

ယင်းနောက် လူငယ်ဘောလုံးပြိုင်ပွဲကျင်းပရေး ကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဦး တို့က အသီးသီးအဖွင့်အမှာ စကား ပြောကြားခဲ့ပြီး လူငယ်ဘောလုံးပြိုင်ပွဲများ အသက်မှန်ကန်စွာ ကျင်းပနိုင်ရေး၊ အမျိုးသမီး ယူ - ၁၅ လိဂ်ပြိုင်ပွဲ ကျင်းပရေး၊ အမျိုးသား ယူ - ၁၅ နှင့် ယူ - ၁၇ ပြိုင်ပွဲများ ပိုမိုကောင်းမွန်စွာ ကျင်းပနိုင်ရေး၊ International School ဘောလုံးပြိုင်ပွဲများ ကို လူငယ်ဘောလုံး ပြိုင်ပွဲများနှင့် ချိတ်ဆက်ကျင်းပနိုင်ရေး၊ ဘောလုံးပြိုင်ပွဲများ ကျင်းပရာတွင် အားကစား ဝန်ကြီးဌာနမှ ကျင်းပနေသည့် ပြိုင်ပွဲများ၊ အာဆီယံ၊ အာရှ ပြိုင်ပွဲ Calendar များအား ကြည့်၍ ဆောင်ရွက်သွားရန် စသည်များကို ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဦး ၊ အဖွဲ့ဝင်များဖြစ်သည့် ဦးစိုးမြတ်မင်း၊ ဦးစောငြိမ်း၊ ဦးတင်မောင်စိုး၊ ဦးလအောင်၊ ဦးဝင်းကိုကို တို့ တက်ရောက်ခဲ့ကြသည်။

# REFEREES COMMITTEE, MEDIA AND COMMUNICATION COMMITTEE, LEGAL COMMITTEE နှင့် MEDICAL COMMITTEE အစည်းအဝေးပြုလုပ်









မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီ၊ မီဒီယာနှင့်သတင်းအချက်အလက် ဆက်သွယ်ရေး ကော်မတီ၊ ဥပဒေရေးရာ ကော်မတီ၊ ဆေးဘက်ဆိုင်ရာ ကော်မတီ အစည်းအဝေးများကို မေ ၁၃ က ဘောလုံးအဖွဲ့ချုပ် အစည်းအဝေး ခန်းမတွင် သီးခြားအစီအစဉ်လိုက်ကျင်းပခဲ့သည်။

ကော်မတီ အစည်းအဝေးများသို့မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဒေါက်တာခင်စောဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြံပေးဦးဘန်နီတင်အောင်၊ MFF အမှုဆောင်နှင့် လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ အဖွဲ့ချုပ် အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးဝင်းသော်၊ ဒေါက်တာ ထက်ခိုင်ဝင်း၊ ဦးလှတင့်၊ ဒေါ်သိန်းသိန်းအေး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ခေတ္တအထွေထွေ အတွင်းရေးမှူး ဦးအောင်မျိုးစော၊ တွဲဖက် အထွေထွေ အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးထွန်းထွန်းအောင်၊ ဦးစည်သူဝင်း၊ မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် သက်ဆိုင်ရာ ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဒိုင်ကော်မတီ အစည်းအဝေးကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒိုင်လောက ရှေ့ဆက်လုပ်ဆောင်မည့် စီမံကိန်းများကို ကော်မတီဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကြိုးပမ်းလုပ်ဆောင် ကြရမည်ဖြစ်ကြောင်း၊ ဒိုင်လူကြီးများဘဝအဆင်ပြေစေရန် ပိုမိုထောက်ပံ့နိုင်ရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် မြန်မာဒိုင်လူကြီးများ ပိုမိုတာဝန်ထမ်းဆောင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းခဲ့သည်။

ထို့နောက်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်နှင့်ဒိုင်ကော်မတီ ဥက္ကဋ္ဌဦးလှတင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင် ဒေါ်သိန်းသိန်းအေး၊ ဒိုင်ကော်မတီဝင် ဦးထွန်းလှအောင်၊ ဦးချမ်းငြိမ်း၊ ဒိုင်လုပ်ငန်းဌာနတာဝန်ခံ ဦးလှမင်းတို့က ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များ၊ အခက်အခဲများကို တင်ပြခဲ့ပြီးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက အကြံပြု ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဒိုင်ကော်မတီအစည်းအဝေးအပြီးတွင် မီဒီယာနှင့် သတင်းအချက်အလက် ဆက်သွယ်ရေးကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်၊ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ထက်ခိုင်ဝင်းတို့က အသီးသီး အမှာစကားများပြောကြားခဲ့ကြပြီး မြန်မာ့လက်ရွေးစင် အသင်းများ၊ လူငယ်ပြိုင်ပွဲများ၊ လိဂ်ပြိုင်ပွဲများ၊ ဖူဆယ်နှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲများ တိုက်ရိုက်ပြသခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက်အလက် စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ ခေတ်စနစ်နှင့်အညီ ဆိုရှယ်မီဒီယာနှင့် တရားဝင်ချန်နယ်များမှ ပိုမိုထုတ်ပြန်မှုများ ပြုလုပ်ရေး၊ Media and Marketing လုပ်ငန်းများတိုးတက်ကောင်းမွန်စေရေးနှင့် လိုအပ်သည့် တွေ့ဆုံဆွေးနွေးမှုများ၊ နည်းလမ်းကောင်းများဖြင့် မြန်မာ့ဘောလုံး လောကအတွက်

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး တို့အား တက်ရောက်လာသည့် ကော်မတီ အဖွဲ့ဝင်များနှင့်အတူ ဆွေးနွေးခဲ့ကြသည်။ မီဒီယာနှင့် သတင်းအချက်အလက်ဆက်သွယ်ရေး ကော်မတီတွင် အကြံပေးပုဂ္ဂိုလ်များအဖြစ် ဦးချစ်ဝင်းမောင်၊ ဦးအောင်မျိုးရှိန်၊ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထက်ခိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမိုးဝေအောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြတ်ထွဋ်ဝင်း၊ ဦးထွန်းထွန်းဦး(လှိုင်)၊ ဦးမျိုးမြင့်သောင်းတို့ ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ယင်းနောက် ဥပဒေရေးရာ ကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ MFF ဥက္ကဋ္ဌဦးဇော်ဇော်က ဘောလုံးတွင်လည်း အငြင်းပွားဖွယ်ရာကိစ္စများစွာရှိကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်း လုပ်ဆောင်သည့် အခါတွင် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ရန် လိုအပ်သည့်အတွက် ဥပဒေရေးရာ ကော်မတီက အရေးပါကြောင်း၊ ကစားသမားများ၊ အသင်းများနှင့် ပတ်သက်သည့်ဥပဒေရေးရာ ကိစ္စများအတွက် အတူတကွ လက်တွဲလုပ်ဆောင်ကြရန် အကြံပြုတိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။ အစည်းအဝေးသို့ ဥပဒေရေးရာ ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းစိန်၊ ဒု - ဥက္ကဋ္ဌ ဒေါ်တင်မိုးဝေ၊ အဖွဲ့ဝင်များဖြစ်သည့် ဦးသန်းထွန်း၊ ဦးထင်ကျော်၊ ဦးရဲဝင်းအောင်တို့ တက်ရောက်ခဲ့ကြသည်။

ဥပဒေရေးရာ ကော်မတီ အစည်းအဝေးအပြီးတွင် ဆေးဘက်ဆိုင်ရာ ကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က ဘောလုံးအားကစားတွင် ဆေးပညာသည် အဓိကအရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ပါကြောင်း၊ ကစားသမားများအတွက် ကြံ့ခိုင်မှုပိုင်း၊ အဟာရပိုင်းသာမက ကျန်းမာရေးပိုင်းပါအရေးကြီးသဖြင့် အသင်းဆရာဝန်များမှာ အရေးပါပါကြောင်း၊ ထို့ကြောင့် အသင်းတစ်သင်းကို စီမံခန့်ခွဲသည့်အခါတွင် အုပ်ချုပ်မှုပိုင်း၊ ဆရာဝန်ပိုင်းမှ ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန်ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် ကစားသမားများကို ငွေကုန်ကြေးကြ များစွာကျခံပြီး ကျွေးမွေးနေသော်လည်း ပိုမိုစနစ်တကျဖြစ်စေရန်၊ အဟာရပိုင်း ညီညွတ်ခြင်း ရှိ၊ မရှိစစ်ဆေးနိုင်ရန် Nutrition ပိုင်းနှင့် ပတ်သက်သည့် နားလည်တတ်ကျွမ်းသည့် ဆရာဝန်များမှ ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍အကြံဉာဏ်ကောင်းများပေးနိုင်ရန် ကော်မတီမှ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒု - ဥက္ကဋ္ဌနှင့် ဆေးဘက်ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ခင်စောဦးက ကစားသမားများ ထိခိုက်ဒဏ်ရာရရှိမှု နည်းပါးစေရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ပတ်သက်သည်များ၊ ကစားသမားများ၏ ကြံ့ခိုင်မှုပိုင်းဆိုင်ရာများကို ပြန်လည်ဆွေးနွေးခဲ့ပြီး အဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာ တာဝန်ခံ ဒေါက်တာ အောင်ကျော်ဦးက ကစားသမားများကို ကျန်းမာရေး စစ်ဆေးမှုများ၊ ကုသမှုအပိုင်းများ၊ အားကစား အဟာရပညာရှင်များ၊ အားကစားစိတ်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်နေမှုများကို ဖြည့်စွက်ဆွေးနွေးခဲ့ရာ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က နိုင်ငံတကာသင်တန်းများ တက်ရောက်ခြင်းအပါအဝင် လက်ရှိလုပ်နေသည့်စီမံကိန်းများ၊ အစီအစဉ်များကို ကော်မတီနှင့် ပြန်လည်တိုင်ပင်ဆွေးနွေးရန်၊ နိုင်ငံတကာ ဆေးဘက်ဆိုင်ရာ ကော်မတီများတွင် အဖွဲ့ချုပ်မှ ဆရာဝန်များပါ ပါဝင်လာနိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ ဆေးဘက်ဆိုင်ရာ ကော်မတီ အစည်းအဝေးသို့ အဖွဲ့ဝင် ဒေါက်တာ ထက်ဇေယျာ တက်ရောက်ခဲ့ပြီး ဒေါက်တာ ထက်ဝေနှင့်ဒေါက်တာစိုးလူကျော်တို့ Zoom Meeting ဖြင့်တက်ရောက်ခဲ့သည်။

# FUTSAL AND BEACH SOCCER COMMITTEE အစည်းအဝေးပြုလုပ်

ဖူဆယ်နှင့်သဲသောင်ပြင် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၄)ကို မေ ၇ ရက် နံနက်ပိုင်းက Novotel Yangon Max ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဖူဆယ်နှင့်သဲသောင်ပြင် ဥက္ကဋ္ဌ ဦးဝင်းသော်နှင့်ဒုတိယဥက္ကဋ္ဌဦးနိုင်သောင်းထိုက်၊ ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌဦးကြည်မင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ MFF ခေတ္တအထွေထွေ အတွင်းရေးမှူး ဦးအောင်မျိုးစော၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးထွန်းထွန်းအောင်နှင့်ဦးစည်သူဝင်း၊ တာဝန်ရှိသူများတက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားရာတွင် ဖူဆယ်လောကကိုပြုပြင် ပြောင်းလဲမှုများပြုလုပ်ရေး၊ ဖူဆယ်လိဂ်အဆင့်အတန်းတိုးတက်လာအောင် ဆောင်ရွက်ရေး၊ ကစားသမားများ ဘဝခိုင်မာမှုရှိရန် လစာငွေများတိုးမြှင့်ပေးရေး၊ မန္တလေးအခြေစိုက် အသင်းများပြိုင်ပွဲဝင်ရာတွင် အဆင်ပြေရန် ဆောင်ရွက်ပေးရေး၊ မျိုးဆက်သစ် ကစားသမားများ ပေါ်ထွက်လာရန် လူငယ်ပြိုင်ပွဲများစဉ်ဆက်မပြတ်ကျင်းပရေး၊ အမျိုးသမီးဖူဆယ်လိဂ်ပြိုင်ပွဲကျင်းပနိုင်ရေးနှင့် အမျိုးသမီးဖူဆယ်လက်ရွေးစင်အသင်းကို ထိုင်းနည်းပြ ခန့်အပ်တာဝန်ပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖူဆယ်အမျိုး သား၊ အမျိုးသမီးပြိုင်ပွဲများ ကျင်းပရေး၊ ဖူဆယ် အကယ်ဒမီ ဖွင့်လှစ်နိုင်ရေး၊ ဒိုင်သင်တန်းနှင့် နည်းပြသင်တန်းများ တစ်နိုင်ငံလုံးအနှံ့ ဖွင့်လှစ်နိုင်ရေး၊ ထိုင်းဖူဆယ်လိဂ်ပြိုင်ပွဲကျင်းပပုံကို သွားရောက်လေ့လာရေး၊ Beach Soccer ဖွံ့ဖြိုးလာရန် ဆောင်ရွက်ရေး၊ ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များအတွက် ၅ နှစ် စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ရေး၊ စပွန်ဆာရရှိရေးနှင့် ပြိုင်ပွဲဝင်အသင်းများအား ဆုကြေး



ပိုမိုပေးအပ်နိုင်ရေး၊ ဖူဆယ်လက်ရွေးစင် အသင်းများ အောင်မြင်မှုရရှိရေး၊ ဖူဆယ်ပြိုင်ပွဲဝင်အသင်းများအား ဘောလုံးများထောက်ပံ့နိုင်ရန် အမြန်ဆုံးဆောင်ရွက်ပေးရေး စသည်တို့အား အကျယ်တဝင့်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် ဖူဆယ်နှင့်သဲသောင်ပြင် ဥက္ကဋ္ဌဦးဝင်းသော်က ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲ ကျင်းပရေးဌာန ဒါရိုက်တာ ဦးရဲဝင်းထွန်းက ၂၀၂၄ အတွင်း ကျင်းပသွားမည့် ဖူဆယ်ပြိုင်ပွဲများ၊ ဖွင့်လှစ်သွားမည့်သင်တန်းများ၊ မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်သွားမည့် နိုင်ငံတကာပြိုင်ပွဲများအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

# အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး MFF INFRASTRUCTURE COMMITTEE တွေ့ဆုံ ဆွေးနွေး





မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေး ကော်မတီ အစည်းအဝေးအား ဇွန်လ ၁ ရက်နေ့က နိုဗိုတယ်ရန်ကုန်မက်စ်တွင် ကျင်းပခဲ့ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ကော်မတီ ဥက္ကဋ္ဌဦးကျော်ဆန်း (ဒုတိယ အမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန)၊ အဖွဲ့ဝင် များဖြစ်သည့် ကော်မတီ ဒု - ဥက္ကဋ္ဌ ဦးသန်းဇော်၊ MFF အလုပ်အမှုဆောင်နှင့် လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ ဦးကျော်စိုးမိုး၊ ဦးစောငြိမ်း၊ ဦးကျော်စွာထွန်း၊ ဒေါ်သက်နှင်းစိုးတို့တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌတို့က အသီးသီး အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မန္တလေးမြို့တွင် တည်ဆောက်မည့် အမျိုးသမီး ဘောလုံး အကယ်ဒမီ တည်ဆောက်ရေး၊ ပြိုင်ပွဲများ ပိုမို များပြားလာသည့် အတွက်လိုအပ်မည့် ဘောလုံးကွင်းများ ဖော်ဆောင်ရေးနှင့်ပြုပြင်ရေး၊ Indoor ဖူဆယ်ကွင်း အဲယားကွန်း တပ်ဆင်မှုအခြေအနေနှင့် ဖူဆယ် လေ့ကျင့်ရေးကွင်း သစ် တည်ဆောက်ရေး၊ ဇရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းထားသည့်မြက်ခင်းတု လေ့ကျင့်ရေးကွင်း အမှတ်(၃)၊(၄)နှင့် အကယ်ဒမီ ပြုပြင်မွမ်းမံ နေမှုများနှင့် လူငယ်ကစားသမားများ အပေါ့စားလေ့ကျင့်မှု ပြုလုပ်နိုင်မည့် နေရာများ တိုးချဲ့ခြင်း၊ လိုအပ်သည့်အဆောက်အဦများမွမ်းမံပြင်ဆင်ခြင်း၊ တင်ဒါများခေါ်ယူခြင်း စသည့် အခြေခံ အဆောက်အအုံဆိုင်ရာ လိုအပ်သည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

# အမျိုးသမီး၊ အမျိုးသားလူငယ် ယူ–၁၅ လိဂ်ပြိုင်ပွဲများကျင်းပရေးအတွက် YOUTH COMPETITIONS COMMITTEE ဆွေးနွေး

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် လူငယ်ပြိုင်ပွဲများ ကျင်းပရေး ကော်မတီ အစည်းအဝေးကို ဇွန်(၁)ရက်၊ မွန်းလွဲပိုင်းက နိုဗိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပခဲ့ရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌဦးထိပ်ခွန်နောင်မြင့်ဝေနှင့်အတူ ကော်မတီဥက္ကဋ္ဌဦးကျော်ဦး (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန)၊ အဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဦးစိုးမြတ်မင်း၊ ဦးစောငြိမ်း (မန္တလေး) ၊ ဦးသင်းမောင်စိုး(မွန်ပြည်နယ်)၊ ဦးလအောင်(ကချင်ပြည်နယ်)၊ ဦးဝင်းကိုကို (ဧရာဝတီတိုင်းဒေသကြီး) တို့ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကော်မတီ ဥက္ကဋ္ဌတို့က အမှာစကားအသီးသီး ပြောကြားခဲ့ကြပြီးနောက် ကော်မတီဥက္ကဋ္ဌက ယူ - ၁၀၊ ယူ - ၁၂ (ကျား/မ) Grassroots ဘောလုံးပွဲတော်များ၊ ကျောင်းအခြေပြု လူငယ်ပြိုင်ပွဲများအား အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ နှစ်စဉ် ပူးပေါင်း ကျင်းပရေး၊ ယူ - ၁၅ အမျိုးသားလိဂ်၊ ယူ - ၁၅ အမျိုးသမီးလိဂ် ပြိုင်ပွဲများ နှစ်စဉ်ကျင်းပသွားရေးတို့ကို ဦးဆောင် ဆွေးနွေးခဲ့သည်။ ယင်းနောက် ကျောင်းများပါဝင်နိုင်မည့် Inter School ပြိုင်ပွဲများ ဖော်ထုတ်ခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ နှင့်ချိတ်ဆက်၍ အကယ်ဒမီ ပြိုင်ပွဲများ ဖော်ဆောင်ခြင်း၊ ဖီဖာ ယူ၁၇၊ ယူ၂၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲများအတွက် ကြိုတင်၍ နည်းစနစ်ပိုင်းနှင့် လိုအပ်သော ပြိုင်ပွဲများ၊ ကစားသမား ရွေးချယ်ရေး အစီအစဉ်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း စသည့် လူငယ်ပြိုင်ပွဲများနှင့် ကစားသမားကောင်းများ ပေါ်ထွက်လာရေး စီမံကိန်းများကို ကော်မတီတွင် ထည့်သွင်း ဆွေးနွေးခဲ့ကြသည်။

# NATIONAL TEAMS

# မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း

မြန်မာ့လက်ရွေးစင်အမျိုးသား ဘောလုံးအသင်းသည် ၂၀၂၄ ခုနှစ် အတွင်း ၂၀၂၆ ဖီဖာ ကမ္ဘာ့ဖလား ခြေစစ်ပွဲ (ဒုတိယအဆင့်) ပွဲစဉ်များ၊ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲစဉ်များအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဖီဖာနိုင်ငံတကာ ခြေစမ်းပွဲ များလည်း ယှဉ်ပြိုင်ကစားခဲ့ပါသည်။ ဂျာမန်နည်းပြ ဖိုင်တန်ဘိုင်နာနှင့် အဖွဲ့တာ ဝန်ယူဆောင်ရွက်ခဲ့သည့် ခြေစစ်ပွဲစဉ်များတွင် အောင်မြင်မှု မရရှိခဲ့သဖြင့် ပြည်တွင်းနည်းပြဖြစ်သည့် မြန်မာ့လက်ရွေးစင်ဟောင်း ဦးမျိုးလှိုင်ဝင်း အား ၂၀၂၄ စက်တင်ဘာတွင် ပြောင်းလဲခန့်အပ်တာဝန်ပေးခဲ့ပါသည်။

၂၀၂၄ ခုနှစ်အတွင်း ၂၀၂၆ ဖီဖာ ကမ္ဘာ့ဖလား ခြေစစ်ပွဲ (ဒုတိယအဆင့်) ပွဲစဉ်များ၊ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲစဉ်များ ဖြစ်သည့် ဆီးရီးယား၊ မြောက်ကိုရီးယား၊ ဂျပန် အသင်းတို့နှင့် ပွဲစဉ်များတွင် အရှုံးနိမ့်ခဲ့ပြီး ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်မြင်ခြင်း မရှိခဲ့သော်လည်း အဆင့်သတ်မှတ်ချက်အရ အာရှဖလားခြေစစ်ပွဲစဉ်များကိုတတိယအဆင့်မှစတင်ကာ ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ် သည်။ ဦးမျိုးလှိုင်ဝင်းစတင်တာဝန်ယူသည့်ဖီဖာနိုင်ငံတကာ ခြေစမ်းပွဲများတွင် သီရိလင်္ကာ အသင်းအား (၁)နိုင်၊ (၁)ပွဲသရေ ကျခဲ့ပြီး စင်ကာပူအား အဝေးကွင်း တွင် (၃-၂)၊ လက်ဘနွန် အား အိမ်ကွင်းတွင် (၂-၃) ရလဒ်များဖြင့် အရှုံးနိမ့်ခဲ့ ပါသည်။ မြန်မာ့လက်ရွေးစင် အသင်းအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း နောက်ဆုံး နိုင်ငံတကာ ပွဲစဉ်များ အဖြစ် ဒီဇင်ဘာ လအတွင်း ၂၀၂၄ အာဆီယံ ချန်ပီယံရှစ် AFF Mitsubishi Electric Cup အုပ်စု(ခ) ပွဲစဉ်များအား အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင် အသင်းတို့နှင့် ဆက်လက် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။




၂၀၂၄ ခုနှစ်အတွင်း မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ

| | | |
|---|---|---|
| February | – | 162 |
| April | – | 163 |
| June | – | 164 |
| July | – | 166 |
| September | – | 167 |
| October | – | 164 |
| November | – | 167 |

## ၂၀၂၄ အတွင်း မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း၏ ရလဒ်နှင့် ပွဲစဉ်များ

| | | | | | |
|---|---|---|---|---|---|
| 21-3-24 | World Cup qualification | Myanmar | 1–1 | Syria | Yangon, Myanmar |
| 26-3-24 | World Cup qualification | Syria | 7–0 | Myanmar | Dammam, Saudi Arabia |
| 6-6-24 | World Cup qualification | Myanmar | 0–5 | Japan | Yangon, Myanmar |
| 11-6-24 | World Cup qualification | North Korea | 4–1 | Myanmar | Vientiane, Laos |
| 10-6-24 | Friendly | Myanmar | 2–0 | Sri Lanka | Yangon, Myanmar |
| 13-11-24 | Friendly | Myanmar | 0–0 | Sri Lanka | Yangon, Myanmar |
| 14-11-24 | Friendly | Singapore | 3–2 | Myanmar | Kallang, Singapore |
| 19-11-24 | Friendly | Myanmar | 2–3 | Lebanon | Yangon, Myanmar |
| 9-12-24 | ASEAN Championship | Myanmar | v | Indonesia | Yangon, Myanmar |
| 12-12-24 | ASEAN Championship | Philippines | v | Myanmar | Manila, Philippines |
| 18-12-24 | ASEAN Championship | Myanmar | v | Laos | Yangon, Myanmar |
| 21-12-24 | ASEAN Championship | Vietnam | v | Myanmar | Phú Thọ, Vietnam |



# မြန်မာ့လက်ရွေးစင် ယူ–၁၉ အသင်း



၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့မှ (၂၉) ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ Surabaya တွင် ကျင်းပပြုလုပ်သည့် Asean U19 Boys' Championship 2024 ပြိုင်ပွဲနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၂၅) ရက်နေ့မှ (၂၉) ရက်အထိ ကာဂျစ္စတန်နိုင်ငံက လက်ခံကျင်းပသည့် AFC U20 ASIAN Cup CHINA 2025 ခြေစစ်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသား ဘောလုံးအသင်းကို စုစည်းလေ့ကျင့်ခဲ့ပါသည်။



အသင်းကို အုပ်ချုပ်သူအဖြစ် ဦးမိုးဝေအောင်၊ နည်းပြချုပ်အဖြစ် ဦးအောင်နိုင်၊ လက်ထောက် နည်းပြများအဖြစ် ဦးအောင်ခိုင်၊ ဦးခင်မောင်ထွေး၊ ဂိုးနည်းပြများအဖြစ် ဦးဇော်လင်းအောင်နှင့် Mr.Kost Mike Andre တို့က တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။ နည်းပြချုပ် ဦးအောင်နိုင်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ချိန်မှစ၍ မူလဖွဲ့စည်းထားသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကယ်ဒမီသင်တန်းကျောင်းများမှ ကစားသမား အများစုဖြင့်ဖွဲ့စည်းထားသော Junior Lions FC လူငယ်လက်ရွေးစင်အသင်းကို အခြေခံ၍ တိုင်းနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက်ဘောလုံးပြိုင်ပွဲမှ ကစားသမားများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန – အားကာသိပ္ပံသင်တန်းကျောင်းများမှ ကစားသမားများ၊ မြန်မာနေရှင်နယ်လိဂ် (၁) နှင့် (၂) ပြိုင်ပွဲဝင် ကလပ်အသင်းများမှ ကစားသမားများ အဆင့်ဆင့်စမ်းသပ် ရွေးချယ် လေ့ကျင့်စေခဲ့ပြီး ပဏာမ ကစားသမား စုစုပေါင်း (၈၇) ဦးထဲမှ အပြီးသတ် (၂၃) ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

## ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခြင်း

မြန်မာယူ - ၁၉ အသင်း အနေဖြင့် အာဆီယံ ပြိုင်ပွဲကျင်းပရန် (၄) လအလိုမတ်လမှ စတင်ကာ ပြည်တွင်းပြည်ပ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် သွားရောက် ကစားခဲ့သည့် တရုတ်ယူ - ၂၀ အမျိုးသားလက်ရွေးစင်နှင့် ခြေစမ်းပွဲ နှစ်ပွဲ၊ မြန်မာနေရှင်နယ်လိဂ် ထိပ်တန်း ကလပ်အသင်းများနှင့် ခြေစမ်းပွဲ (၇)ပွဲ၊ မြန်မာယူ - ၁၆ အမျိုးသားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ(၂)ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး ယူ - ၂၁ အမျိုးသားလက်ရွေးစင်အသင်းနှင့် တစ်ပွဲ၊ စုစုပေါင်း (၁၂)ပွဲ ယှဉ်ပြိုင်ကစားခဲ့ပါသည်။

## Asean U19 Boys' Championship 2024ပြိုင်ပွဲ

အာဆီယံ အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ၂၀၂၄ခုနှစ်၊ မေလ (၃၁)ရက်နေ့က အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာယူ - ၁၉ အသင်းသည် ဩစတြေးလျ၊ ဗီယက်နမ်၊ လာအိုတို့နှင့်အတူ အုပ်စု(ခ)တွင် ပါဝင်ခဲ့သည်။ မြန်မာယူ - ၁၉ အသင်း အနေဖြင့် အာဆီယံ ယူ - ၁၉ ပြိုင်ပွဲတွင် ဗီယက်နမ်၊ လာအို အသင်းတို့နှင့် တစ်ဂိုးစီ သရေကျခဲ့ပြီး ဩစတြေးလျ အသင်းကို (၁ - ၀) ဂိုးဖြင့် အရေးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပါသည်။

## ၂၀၂၅ အာရှယူ – ၂၀ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအတွက် ပြင်ဆင်ခြင်း

မြန်မာယူ - ၁၉ အသင်းသည် တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၅ အာရှယူ - ၂၀ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ၊ အုပ်စု () ပွဲစဉ်များကို စက်တင်ဘာ လ (၂၅)ရက်နေ့မှ (၂၉)ရက်နေ့အထိ ကာဂျစ္စတန်နိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ရပါသည်။ အုပ်စုမဲခွဲမှုအခြေအနေအရ မြန်မာအသင်းအနေဖြင့် အာရှအင်အားကြီး ဂျပန်၊ အိမ်ရှင် ကာဂျစ္စတန်နှင့် တာ့ခ်မင်နစ္စတန် အသင်းများနှင့် တစ်အုပ်စုတည်းကျရောက် ခဲ့ပါသည်။

မြန်မာယူ - ၁၉ အသင်း အာဆီယံယူ - ၁၉ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကစားသမား(၂၃)ဦးကို အခြေခံ၍ ကျန်ရှိနေသေးသော ခြေစွမ်းထက်ကစားသမားအချို့ကို ပဏာမလက်ရွေးစင်အဖြစ် ထပ်မံရွေးချယ်ကာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ လက်ရွေးစင်အသင်းများ လေ့ကျင့်ရေးအဆောင်တွင် စခန်းသွင်းလေ့ကျင့်မှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲအကြို ခြေစစ်ပွဲများအနေဖြင့် ဘာရိန်းယူ - ၂၀ အသင်း၏ ဖိတ်ကြားမှုအရ စက်တင်ဘာလဆန်းတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ သွားရောက်ကာ ဘာရိန်းယူ - ၂၀အသင်း၊ ထိုင်း၃ုနူ့ဖါကန ကလပ်အသင်း Kasem Bundit University FC အသင်း၊ ကမ္ဘောဒီးယားယူ - ၂၀ အသင်းတို့နှင့် ခြေစမ်းပွဲ (၃)ပွဲ ယှဉ်ပြိုင်ကစားခဲ့ပါသည်။

ထို့နောက် စက်တင်ဘာ ၂၁ တွင် အာရှခြေစစ်ပွဲကစားရန် ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာခဲ့ပြီး ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ကာဂျစ္စတန်ကို ၂ - ၀၊ ဂျပန်ကို ၆ - ၀၊ တာမင်နစ္စတန်ကို ၄ - ၁ ဂိုးဖြင့် အရေးနိမ့်ခဲ့ရပါသည်။









# မြန်မာ့လက်ရွေးစင် ယူ–၁၆ အသင်း



## စတင်ဖွဲ့စည်းခြင်း

၂၀၂၄ ခုနှစ်အတွင်း ကျင်းပသည့် ASEAN U-16 Boys Championship (21 Jun - 4 July 2024) ပြိုင်ပွဲနှင့် AFC U-17 Asian Cup qualification (19 Oct - 27 Oct 2024) ဘောလုံးပြိုင်ပွဲများအတွက် ရည်ရွယ်ပြီး အသက် ၁၆ နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသား ဘောလုံးအသင်းကို FIFA-MFF U-15 Youth League အထက်မြန်မာပြည်ဖုံ၊ အောက်မြန်မာပြည်ဖုံ ပြိုင်ပွဲများမှ ကစားသမားများ၊ မြန်မာဘောလုံး အကယ်ဒမီများမှ ကစားသမားများ စုစုပေါင်း (၈၄) ဦးအား အဆင့်ဆင့် ရွေးချယ်မှုများ ပြုလုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လ (၆) ရက်မှစ၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင် (၈) ဦး၊ ကစားသမား (၃၉) ဦးဖြင့် လက်ရွေးစင် အသင်းများအဆောင် (၂) သုဝဏ္ဏတွင် စခန်းသွင်း လေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ပါသည်။

အသင်းနည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား Mita Michiteru၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်ဇော်မျိုးနှင့် ဦးမြတ်မင်းသူ၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်းတို့က တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ အာဆီယံ ပြိုင်ပွဲမတိုင်မီတွင် ပြည်တွင်းလူငယ်ကလပ်အသင်းများနှင့် အပတ်စဉ် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ မြန်မာ နေရှင်နယ်လိဂ် ယူ – ၂၀ အမှတ်ပေး ပြိုင်ပွဲတွင် Junior Lions FC အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းများဖြင့် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။



ASEAN U-16 Boys Championship ဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲခြင်းကို ၂၀၂၄ ခုနှစ်၊ မေလ (၃၀) ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အသက် ၁၆ နှစ်အောက် ဘောလုံးအသင်းသည် Group (B) တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း အသင်းတို့နှင့် အတူကျရောက်ခဲ့ပါသည်။ ပြိုင်ပွဲသို့ သွားရောက်ချိန်တွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၈ ဦး၊ ကစားသမား ၂၃ ဦး၊ စုစုပေါင်း ၃၁ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ပါသည်။










## 2024 ASEAN U-16 Boys Championship

2024 ASEAN U-16 Boys Championship အာဆီယံယူ - ၁၆ ပြိုင်ပွဲကို အင်ဒိုနီးရှား နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး မြန်မာယူ - ၁၆ အသင်းအနေဖြင့်ပြိုင်ပွဲဝင်ရန် ဇွန် ၁၉ ရက်တွင် ထွက်ခွာခဲ့ပါသည်။ မြန်မာယူ - ၁၆ အသင်းသည် အုပ်စုတွင်း သုံးပွဲ ကစားခဲ့ရာ ကမ္ဘောဒီးယား အသင်းကို ၂ - ၁ ဂိုး၊ ဗီယက်နမ် အသင်းကို ၅ - ၁ ဂိုးဖြင့် အရေးနိမ့်ခဲ့ရပြီး ဘရူနိုင်းအသင်းကို ၈ - ၁ ဂိုးဖြင့် အနိုင်ရကာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပါသည်။

## ပြန်လည်ဖွဲ့စည်းခြင်း

ဇူလိုင်လအတွင်း ကျင်းပပြီးစီးခဲ့သော အာဆီယံယူ - ၁၆ ပြိုင်ပွဲပြီးနောက်မြန်မာ့လက်ရွေးစင် ယူ - ၁၇ အသင်းကိုဩဂုတ်လအတွင်းလူရွေးချယ်ပွဲ သုံးပွဲကစားပြီး ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ အာဆီယံ ပြိုင်ပွဲဝင်ခဲ့သော လက်ရှိ ကစားသမားများကို အသင်း (A) အဖြစ်လည်းကောင်း၊ FIFA-MFF U-15 လိဂ်နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)၊ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)တို့မှ ကစားသမားများ စုစုပေါင်း (၃၁) ဦးကိုအသင်း (B) အဖြစ်လည်းကောင်း သတ်မှတ်ပြီး လူရွေးချယ်ပွဲ သုံးပွဲ ကစားစေခဲ့ကာ မြန်မာ့လက်ရွေးစင် ပဏာမ ယူ - ၁၇ အသင်းကို အသစ်ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။

အသစ်ပြန်လည်ဖွဲ့စည်းသော ပဏာမ မြန်မာ့လက်ရွေးစင် ယူ - ၁၇ အသင်းတွင် အသင်း (A) မှ (၂၄) ဦး ပြန်လည်ပါဝင်ခဲ့ပြီး အသင်း (B) မှ လူသစ် (၁၃) ဦး၊ စုစုပေါင်း (၃၇) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထိုလူစာရင်းမှ နှစ်ဦး ကိုလျှော့ချခဲ့ပြီး (၃၅) ဦးဖြင့် လက်ရွေးစင်အသင်းများအဆောင်တွင် ဆက်လက်စခန်းသွင်း လေ့ကျင့်ခဲ့ပါသည်။

ပြန်လည်ဖွဲ့စည်းခဲ့သော ပဏာမ မြန်မာ့လက်ရွေးစင် ယူ - ၁၇ အသင်းကို အုပ်ချုပ်သူအဖြစ် ဦးစိုးမြတ်မင်း၊ နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုး၊ လက်ထောက် နည်းပြများအဖြစ် ဦးမြတ်မင်းသူနှင့် ဦးထွန်းနောင်ဦး၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်းတို့က တာဝန်ယူဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဂျပန်လူမျိုး Mita Michiteru က နည်းစနစ်အကြံပေးအဖြစ် ကူညီခဲ့ပါသည်။

## အုပ်စုမဲခွဲခြင်း

2025 AFC U-17 Asian Cup qualification အာရှယူ - ၁၇ ခြေစစ်ပွဲအတွက် အုပ်စုများကိုမဲခွဲခဲ့ရာ မြန်မာ့လက်ရွေးစင် ယူ - ၁၇ အသင်းသည် အုပ်စု (I) တွင် အိမ်ရှင် ဗီယက်နမ်၊ ယီမင်၊ ကာဂျစ္စတန် အသင်းတို့နှင့် အတူကျရောက်ခဲ့ပါသည်။ ခြေစစ်ပွဲများကိုအုပ်စု ၁၀ စုခွဲထားပြီး အုပ်စုတစ်ခုစီမှ အုပ်စုဗိုလ် အသင်း ၁၀ သင်း၊ အကောင်းဆုံး ဒုတိယရ ၅ သင်း၊ စုစုပေါင်း ၁၅ သင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

## ခြေစစ်ပွဲအတွက် ပြင်ဆင်ခြင်း

အာရှခြေစစ်ပွဲအတွက် ပြင်ဆင်မှုအဖြစ် ပြည်တွင်းတွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်း အချို့နှင့် ခြေစမ်းပွဲများ ကစားခြင်း၊ ကာတာ ယူ - ၁၇ အသင်း၏ ဖိတ်ကြားချက်အရ ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကာတာယူ - ၁၇ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်း၊ Junior Lions အမည်ဖြင့် မြန်မာနေရှင်နယ်လိဂ်ယူ - ၂၀ အမှတ်ပေးပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

မြန်မာ ယူ - ၁၇ အသင်း အနေဖြင့် ကာတာနှင့် ခြေစမ်းပွဲ ပထမပွဲတွင် ၂ - ၀ ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး ဒုတိယပွဲတွင် ၁ - ၀ ဂိုးဖြင့် အနိုင်ရခဲ့ပါသည်။ အာရှခြေစစ်ပွဲ မတိုင်မီ မြန်မာနေရှင်နယ်လိဂ် ကလပ်များဖြစ်သော ISPE အသင်း၊ Dagon Port အသင်း၊ ရခိုင်ယူနိုက်တက် အသင်းတို့နှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းနှင့် ၂ - ၂ ဂိုး၊ ရခိုင်ယူနိုက်တက်နှင့် ၁ - ၁ ဂိုးစီ သရေကျခဲ့ပြီး Dagon Port အသင်းကို ၃ - ၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပါသည်။

## 2025 AFC U-17 Asian Cup qualification

2025 AFC U-17 Asian Cup qualification အာရှယူ - ၁၇ ခြေစစ်ပွဲ အုပ်စု (I) ကို ဗီယက်နမ် နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး မြန်မာယူ - ၁၇ အသင်းအနေဖြင့် ပြိုင်ပွဲဝင်ရန် အောက်တိုဘာ ၂၀ တွင် ထွက်ခွာခဲ့ပါသည်။ မြန်မာ ယူ - ၁၇ အသင်း အနေဖြင့် ခြေစစ်ပွဲ အုပ်စုတွင်းတွင် သုံးပွဲ ကစားခဲ့ရာ ယီမင်းအသင်းကို ၆ - ၁ ဂိုး၊ ဗီယက်နမ်အသင်းကို ၂ - ၀ ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး နောက်ဆုံးပွဲစဉ်တွင် အာရှ အသင်းကောင်း တစ်သင်းဖြစ်သည့် ကာဂျစ္စတန် အသင်းကို ၂ - ၁ ဂိုးဖြင့် အနိုင်ရခဲ့ပါသည်။ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ ရမှတ် ၃ မှတ် ရရှိကာ ခြေစစ်ပွဲ အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပါသည်။

# မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်း




နိုင်ငံတကာလူငယ်ဖိတ်ခေါ်ပြိုင်ပွဲများ၊ လူငယ်ဘောလုံးပွဲတော်များသို့ စေလွှတ်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ယူ - ၁၂ ကစားသမားရွေးချယ်ပွဲ ရန်ကုန်အား ဇူလိုင် ၆ နှင့် ၇ ရက်တွင် သုဝဏ္ဏကွင်းရှိ လေ့ကျင့်ကွင်း ၁ ၌ လည်းကောင်း၊ မန္တလေး အား ဇူလိုင် ၁၂ နှင့် ၁၃ တွင် မန္တလေး မြန်မာဘောလုံး အကယ်ဒမီ၌လည်းကောင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါပွဲ ရွေးချယ်ပွဲအား MFF နည်းစနစ် ဒါရိုက်တာ ဂျပန်လူမျိုးမိတမှ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ကစားသမား ၂၀၀ ကျော် ဝင်ရောက်ရွေးချယ်ခံခဲ့ပါသည်။

လက်ရှိတွင် မြန်မာဘောလုံး အကယ်ဒမီများအတွက် FIFA-MFF TDS Scouting Tourဖြင့်ရွေးချယ်ထားသော ယူ - ၁၂ ကစားသမားများအသင့်ရှိနေပြီးဖြစ်သော်လည်းပြင်ပမှ အရည်အချင်းရှိကစားသမားများ ဆက်လက် ရရှိစေရန် အတွက်လည်းကောင်း၊ လူငယ်များအတွက် အခွင့်အလမ်းများ ထပ်မံ ပေါ်ပေါက်လာစေရန် အတွက်လည်းကောင်း ကစားသမားရွေးချယ်ပွဲများ ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါသည်။ လာရောက်ရွေးချယ်ခံခဲ့သည့် ကစားသမား ၂၀၀ ကျော်ထဲမှ ဆန်ခါတင် ကစားသမား ၂၈ ဦးကိုရွေးချယ်ခဲ့ပြီး ဇူလိုင် ၁၆ မှ ဩဂုတ် ၁၅ ရက်အထိ မန္တလေး ဘောလုံးအကယ်ဒမီတွင် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကာ အပြီးသတ် ၁၈ ဦးကို ရွေးချယ်ခဲ့ပါသည်။ ယင်းနောက် ရန်ကုန်ရှိ လက်ရွေးစင်များအဆောင်တွင် ထားရှိကာ လေ့ကျင့်မှုများပြုလုပ်စေခဲ့ပါသည်။ ပြိုင်ပွဲမတိုင်မီ မြန်မာယူ၁၂အသင်းအား အတွေ့အကြုံများရရှိစေရန်အတွက် လေ့ကျင့်ခြေစမ်းပွဲများကစားစေခဲ့ပါသည်။ မြန်မာယူ - ၁၂အသင်းသည် မြန်မာဘောလုံးအကယ်ဒမီ (ရန်ကုန်) မှ အသင်းများနှင့်လည်းကောင်း၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင်ဇေရာဝတီအသင်းနှင့်လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပါသည်။

U-12 Junior Soccer World Challenge 2024ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ - ၁၂ အသင်းသည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ပြိုင်ပွဲကျင်းပရာ ဂျပန်နိုင်ငံ၊ ချီဘားမြို့သို့ ရောက်ရှိခဲ့ပြီးနောက် နေ့လယ်ပိုင်းတွင် Training Match ပွဲစဉ်များအဖြစ် Daiwa အသင်း၊ Nadeshik အမျိုးသမီးအသင်း၊ Barca Academy (ဂျပန်) အသင်းများနှင့် မိနစ် ၂၀စီ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပါသည်။ ထိုသို့ကစားရာတွင် မြန်မာယူ - ၁၂ အသင်းသည် Daiwa အသင်းကို (၁ - ၀) ဂိုးဖြင့် ရှုံးနိမ့်ပြီး Nadeshik အမျိုးသမီး အသင်းကို (၁ - ၀) ဂိုးဖြင့် အနိုင်ရကာ Barca Academy (ဂျပန်) အသင်းကို (၄ - ၀) ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ - ၁၂ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၇နာရီ ၂၀ မိနစ်တွင် Tozuka Football Club Junior အသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၈နာရီ ၅၀ မိနစ်တွင် Kashima Antlers Norte အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၁ရက် နံနက် ၇ နာရီ ၂၀မိနစ်တွင် FC BasaraHyogo အသင်းနှင့် လည်းကောင်းယှဉ်ပြိုင်ကစားခဲ့ပါသည်။

မြန်မာယူ - ၁၂ အသင်းသည် အုပ်စုပွဲစဉ် သုံးပွဲကစားရာတွင် နှစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ဖြင့် ၃၂ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ပါသည်။ ၃၂ သင်းအဆင့်တွင် FC ZERO အသင်းနှင့် ဆုံတွေ့ရာတွင် ၁ - ၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆင့်သတ်မှတ်ချက်ဖြစ်သည့် Round Of 32 Losers ပွဲစဉ်တွင် Club Dragon Kashiwa ကို ၂ - ၁ ဂိုးဖြင့် အနိုင်ရခဲ့ပါသည်။

# U - 12 JUNIOR SOCCER WORLD CHALLENGE 2024 (JAPAN)

AUGUST 19-23

## မြန်မာ ယူ ၁၂ အသင်း၏ ပြိုင်ပွဲတစ်လျှောက် ရလဒ်များ








သုံးသပ်ချက်

U - 12 Junior Soccer World Challenge 2024 ပြိုင်ပွဲအား မြန်မာယူ ၁၂ အသင်းဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိသည့်အတွက် အတွေ့အကြုံများ စွာရရှိစေပါသည်။ ဘောလုံးအားကစားတွင် ကမ္ဘာ့ထိပ်တန်း နေရာသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံမှ ကလေးငယ်များ၏ ဘောလုံးကစားပုံကို မြန်မာ ယူ ၁၂ ကလေးငယ်များ ကိုယ်တိုင်ကိုယ်ကျ တွေ့ခွင့်ရရှိခြင်းကလည်း အဖိုးမဖြတ်နိုင်သည့် အရာတစ်ခုဖြစ်ခဲ့ပါသည်။ U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲသို့ ဂျပန်နိုင်ငံမှ ကလေးငယ်များ အပြင် အခြားအာဆီယံနိုင်ငံများ ဖြစ်သောမလေးရှားနှင့်အင်ဒိုနီးရှားမှအသင်းများလည်းငြိမ့်ရောက်ယှဉ်ပြိုင်ခဲ့သည် ကို တွေ့ရှိရပါသည်။

မြန်မာ ယူ - ၁၂ အသင်းကို ဖွဲ့စည်းရာတွင် အချိန်တစ်လကျော်သာ ရရှိခဲ့၍ပြင်ဆင်ချိန် အားနည်းခဲ့သော်လည်း ကစားသမား များမှာ အကောင်းဆုံး စိတ်ဓာတ်ဖြင့် ကစားခဲ့ခြင်းကြောင့် ရလဒ်ကောင်း ရယူနိုင်ခဲ့ပါသည်။ U - 12 Junior Soccer World Challenge 2024 ပြိုင်ပွဲကစားရာတွင် အချို့ရက်များ တွင် တစ်ရက်တည်း ၂ပွဲ ကစားရသည့်အပြင် တစ်ပွဲနှင့်တစ်ပွဲ ပွဲကစား ချိန်မှာ နီးကပ်လွန်းပါသည်။ ထို့ပြင် ပွဲကျင်းပချိန်သည်ဂျပန်နိုင်ငံ၏ နွေရာသီ ဖြစ်ပါသောကြောင့် အလွန်ပူပြင်းသည် နေရောင် အောက်တွင် ကစားခဲ့ရပါသည်။ မြန်မာ ယူ ၁၂ ကစားသမားများမှာ ပွဲကစားရန်အတွက် မနက်စောစောထပြီး ပြိုင်ပွဲ ကျင်းပရာကွင်းသို့ တစ်နာရီကျော်ကြာ ကားဖြင့်သွားရပါသည်။ ထိုသို့ အခက်အခဲများ ရှိခဲ့သော်လည်း မြန်မာ ယူ - ၁၂ ကစားသမား များမှာ မဆုတ်မနစ်သောဇွဲဖြင့် ကစားခဲ့ခြင်းကြောင့် ရလဒ်ကောင်းယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာယူ၁၂အသင်းကစားသမားများသည် ၂၀၁၂ဖွားများဖြစ်ကြပြီး အသက်မှန်ကန်သူများ ဖြစ်ပါသည်။ ကစားသမား အများစုမှာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကယ်ဒမီမှ ဖြစ်ကြသော်လည်း ပြင်ပတွင် ကစားနေသူများ လည်းပါဝင်ပါသည်။ U - 12 Junior Soccer World Challenge 2024 ပြိုင်ပွဲ တွင် အချို့ကစားသမားများမှာ လိုအပ်ချက်များရှိနေသော်လည်း လေ့လာသင်ယူမှုများအဆက်မပြတ်ပြုလုပ်ပါက အနာဂတ်တွင် မြန်မာ့လက်ရွေးစင်အသင်း အတွက် အားထားရသူများ ဖြစ်လာနိုင်ပါသည်။ အထူးသဖြင့် နောက်တန်းမှ အောင်ဇွဲမာန်၊ အလယ်တန်းမှ ကောင်းမြတ်သူ၊ ရှေ့တန်းမှ သူရိန်စိုးတို့သည်ပြိုင်ပွဲ တစ်လျှောက် အကောင်းဆုံးကစားနိုင်ခဲ့ကြပါသည်။ မြန်မာ ယူ - ၁၂ ကစားသမားများသည် ဂျပန်နိုင်ငံသို့ သွားရောက်ကစားခွင့်ရခြင်းကြောင့် အတွေ့အကြုံ အပြင် ဂျပန်လူမျိုးများ၏ စည်းကမ်းရှိမှု၊ အလုပ်ကြိုးစားမှုတို့ကိုလည်း မြင်တွေ့ခွင့်ရရှိခဲ့ပါသည်။ ဘောလုံးကစားနည်းသည် သင်ယူရန်လိုအပ်သလို အတွေ့အကြုံရရှိရန်အတွက် ပြိုင်ပွဲများများ ကစားရန်လည်း လိုအပ်ပါသည်။ သို့ပါ၍ ငယ်ရွယ်သည့် မြန်မာကစားသမားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်၍ ဘောလုံးပြိုင်ပွဲများ ကစားစေပါက ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပါသည်။

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ




မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၂၄ အတွင်း နိုင်ငံတကာပြိုင်ပွဲများမရှိခြင်းကြောင့် ဇူလိုင်နှင့် အောက်တိုဘာတွင် အိန္ဒိယ၊ ဟောင်ကောင်အသင်းတို့ကို ဖိတ်ခေါ်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပါသည်။

## အိန္ဒိယနှင့် ခြေစမ်းပွဲ

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည်ဇူလိုင်၉နှင့်၁၂ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည် အိန္ဒိယလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ကစားမည့် နိုင်ငံတကာ ခြေစမ်းပွဲအတွက် ဇွန် ၁၆ရက်မှ စတင်၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပါသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်လူမျိုး ယူကီတက်ဆုရိက ကိုင်တွယ်နေပြီး လက်ရွေးစင် အသင်းများ အဆောင်တွင် ကစားသမား (၃၀) ဦးဖြင့် စခန်းသွင်း လေ့ကျင့်ခဲ့ပါသည်။ ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အတွေ့အကြုံရှိ ကစားသမားများ အပြင် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ၌ ခြေစွမ်းပြကစားခဲ့သည့် လူငယ် ကစားသမားများကိုလည်း ထည့်သွင်းရွေးချယ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုး သမီးအသင်းသည် ဇွန် ၁၆ရက်မှ စတင်၍ လက်ရွေးစင်များ အဆောင်တွင် နေထိုင်ပြီး တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့် လေ့ကျင့်မှုများပြုလုပ်ခဲ့ပါသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၄ အတွင်း ပထမဆုံးကစားရမည့်ပွဲစဉ်ဖြစ်သောကြောင့် ရလဒ်ကောင်းယူနိုင်ရေး စနစ်တကျ ပြင်ဆင်လေ့ကျင့်ခဲ့ပြီး ကစားသမားများပုံစံကောင်းရရှိရေးအတွက် မြန်မာအမျိုးသမီးညွန့်ပေါင်းအသင်း၊ ရန်ကုန်အကယ်ဒမီလူငယ်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပါသည်။ ပြိုင်ပွဲကစားခါနီးတွင် ကစားသမားနှင့် နည်းပြအဖွဲ့ဝင်များ သက်သောင့်သက်သာဖြစ်စေရန် လက်ရွေးစင်များ အဆောင်မှ Goal ဟိုတယ်သို့ ပြောင်းရွှေ့ထားရှိခဲ့ပါသည်။ အိန္ဒိယနှင့် ပထမဆုံးခြေစမ်းပွဲစဉ်ကို ဇူလိုင် ၉ ရက်က ရန်ကုန်မြို့သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ၂ - ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပါသည်။ အိန္ဒိယနှင့် ဒုတိယ ခြေစမ်းပွဲကို ခြေစမ်းပွဲ ဇူလိုင် ၁၂ ရက်က ရန်ကုန်မြို့သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရာ ၁ - ၁ ဂိုး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပါသည်။

## ဟောင်ကောင်နှင့် ခြေစမ်းပွဲ

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အောက်တိုဘာ ၂၃ နှင့် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည် ဟောင်ကောင် လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ကစားမည့် နိုင်ငံတကာ ခြေစမ်းပွဲအတွက် အောက်တိုဘာ ၅ ရက်မှ စတင်၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပါသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်လူမျိုး ယူကီတက်ဆုရိက ကိုင်တွယ်နေပြီး လက်ရွေးစင်အသင်းများ အဆောင်တွင် ကစားသမား (၂၈) ဦးဖြင့် စခန်းသွင်း လေ့ကျင့်ခဲ့ပါသည်။ ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အတွေ့အကြုံရှိကစားသမားများ အပြင် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ၌ ခြေစွမ်းပြကစားခဲ့သည့် လူငယ် ကစားသမားများကိုလည်း ထည့်သွင်း ရွေးချယ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အောက်တိုဘာ ၅ ရက်မှ စတင်၍ လက်ရွေးစင်များ အဆောင်တွင် နေထိုင်ပြီး တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့် လေ့ကျင့်မှုများပြုလုပ်ခဲ့ပါသည်။





အစောပိုင်းရက်များတွင်ဒဏ်ရာပြဿနာများနှင့်ဖျားနာမှုများကြောင့် လေ့ကျင့် ရေး အစီအစဉ်များတွင် ကစားသမား စုံလင်ခဲ့ခြင်းမရှိသော်လည်း အုပ်ချုပ်နည်းပြ အဖွဲ့က အကောင်းဆုံးဖြစ်အောင် စီမံခဲ့ကြပါသည်။ ပြိုင်ပွဲကစားခါနီးတွင် ကစားသမားနှင့် နည်းပြအဖွဲ့ဝင်များ သက်သောင့်သက်သာဖြစ်စေရန် လက်ရွေးစင်များ အဆောင်မှ Asian Smiles Hotel သို့ ပြောင်းရွှေ့ထားရှိခဲ့ပါသည်။ ထိုသို့စနစ် တကျ စီမံခဲ့ခြင်းကြောင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲရက် နီးလေ ယုံကြည်မှုများ ပိုတိုး တက်လာပြီး ဟောင်ကောင်ကို ရင်ဆိုင်ရန် အသင့်ဖြစ် နေခဲ့သည်။ ထို့ပြင် ဟောင်ကောင်နှင့်ပွဲမတိုင်မီ ကစားသမားများ ပုံစံကောင်းရရှိရန် ရန်ကုန်အကယ်ဒမီအသင်းနှင့်လည်း ခြေစမ်းပွဲ ကစားခဲ့ပါသည်။ ဟောင် ကောင်နှင့် ဒုတိယပွဲကို မြက်ခင်းတုတွင် ကစားရမည်ဖြစ်၍ MFF ပိုင် ဗဟန်းမြက်ခင်းတုကွင်းသို့ သွားရောက်ပြီးလေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ ဟောင်ကောင်နှင့် ပထမဆုံး ခြေစမ်းပွဲစဉ်ကို အောက်တိုဘာ ၂၃ ရက် က ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ၄ – ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပါသည်။ ဒုတိယခြေစမ်းပွဲကို ရန်ကုန် ယူနိုက်တက်၏ကွင်း YUSC တွင် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ၄ – ၁ ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ပါသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဟောင်ကောင်နှင့် ခြေစမ်းရာတွင် နှစ်ပွဲပေါင်း ၈ – ၂ ဂိုးဖြင့် အနိုင်ရခဲ့ခြင်းကြောင့် ယုံကြည်မှုများ ရရှိခဲ့ပြီး ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်လည်း မြင့်တက်ခဲ့ သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် ဝါရင့် ကစားသမားများအပြင် လူငယ်ကစားသမား အများအပြားကိုလည်း ထည့်သွင်း ရွေးချယ်ခဲ့ခြင်းကြောင့် မျိုးဆက်သစ်များကိုလည်း ဖော်ထုတ်ရွေးချယ်နိုင်ခဲ့ပါသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအနေဖြင့် လက်ရှိရရှိနေသည့်ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းပြီး ၂၀၂၅ အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအား ကြိုတင်ပြင်ဆင်သွားမည်ဖြစ်ပါသည်။ မြန်မာ့လက်ရွေးစင်အမျိုး သမီးအသင်းသည် ၂၀၂၅ တွင် ဒေသတွင်းအမြင့်ဆုံး ပြိုင်ပွဲများဖြစ်သည့် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်နှင့် ဆီးဂိမ်းစ်ပြိုင်ပွဲတို့တွင် အောင်မြင်မှုများရရှိရေး အတွက် ယခုနှစ်ဒီဇင်ဘာဒုတိယပတ်မှစတင်၍လက်ရွေးစင်အသင်းများအဆောင်တွင် လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ပါသည်။



# မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသား အသင်း



မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသား အသင်းသည် ၂၀၂၄ ခုနှစ် အတွင်း AFC Futsal Asian Cup 2024 ပြိုင်ပွဲနှင့် AFF Futsal Championship 2024 ပြိုင်ပွဲနှစ်ရပ်ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲနှစ်ရပ်စလုံးတွင် အုပ်စု အဆင့် ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ် အမျိုးသားအသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲကို ဧပြီ ၁၇ ရက်က စတင်၍ ထိုင်းနိုင်ငံတွင် ယှဉ်ပြိုင်ခဲ့ရခြင်း ဖြစ်သည်။

အာရှအဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရခြင်း ဖြစ်သည့်အတွက် လက်ရွေးစင် အသင်း၏ ပြင်ဆင်မှုများကို ဖေဖော်ဝါရီလကတည်းက စတင်ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး အင်ဒိုနီးရှား နိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ ထိုခြေစမ်းပွဲစဉ်များသို့ အုပ်ချုပ်နည်းပြ ၈ ဦးနှင့် ကစားသမား ၁၉ ဦးတို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

## အင်ဒိုနီးရှား ခြေစမ်းခရီးစဉ် ရလဒ်များ

| | | |
|---|---|---|
| Myanmar | 0-2 | Bintang Timur |
| Myanmar | 1 - 11 | Bintang Timur |
| Myanmar | 2-2 | East Java |

ထို့နောက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် မတ်လ တွင် ပြန်လည် သုဝဏ္ဏကွင်းအတွင်းရှိ လက်ရွေးစင် ကစားသမားများ အဆောင်တွင် စခန်းသွင်းခဲ့ပြီး မတ်လ ၂၅ ရက်မှ ဧပြီ ၄ ရက်အထိ Novotel Yangon Max Hotel တွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ထိုသို့ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေစဉ်အတွင်း ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင် အာဖဂန်နစ္စတန် အသင်းကို ဖိတ်ခေါ်၍ ခြေစမ်းပွဲ နှစ်ပွဲ ကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ကို ရရှိခဲ့သည်။

## အာဖဂန်နစ္စတန် အသင်းနှင့် ခြေစမ်းပွဲ ရလဒ်များ

| | | |
|---|---|---|
| Myanmar | 1-6 | Afghanistan |
| Myanmar | 4-2 | Afghanistan |

ထို့နောက် ဧပြီ ၅ ရက်တွင် AFC Futsal Asian Cup 2024 ပြိုင်ပွဲ ကျင်းပရာ ထိုင်းနိုင်ငံသို့ အုပ်ချုပ်နည်းပြ ၁၀ ဦး၊ ကစားသမား ၁၇ ဦးဖြင့် ထွက်ခွာခဲ့ပြီး ပြိုင်ပွဲအကြို ပြင်ဆင်မှု အနေဖြင့် ကူဝိတ်အသင်းနှင့် ကာဂျစ်စတန် အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

## ခြေစမ်းပွဲ ရလဒ်များ

| | | |
|---|---|---|
| Myanmar | 4-2 | Kuwait |
| Myanmar | 1-3 | Kyrgyzstan |

ခြေစမ်းပွဲများ ကစားပြီးနောက်တွင် မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲဝင်ရောက်ကစားရန် အတွက် နောက်ဆုံးအဆင့် ကစားသမား ၁၄ ဦးစာရင်းကို နည်းပြချုပ် Mr. Bunlert Charoenwang က ထုတ်ပြန်ခဲ့သည်။






မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသား အသင်းသည် AFC Futsal Asian Cup 2024ပြိုင်ပွဲတွင် အိမ်ရှင် ထိုင်းအသင်း၊ ဗီယက်နမ် အသင်း၊ တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရခြင်း ဖြစ်ပြီး အုပ်စု အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရသော ဗီယက်နမ် အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ထိုရလဒ်သည် မြန်မာလက်ရွေးစင် အမျိုးသားဖူဆယ် အသင်း၏ အာရှဖလားသမိုင်းတစ်လျှောက် ပထမဆုံးရရှိခဲ့သော ရမှတ်ဖြစ်သည်။ ဒုတိယမြောက် ပွဲစဉ်တွင် ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့ရသော်လည်း အုပ်စု နောက်ဆုံးပွဲစဉ်တွင် တရုတ်အသင်းကိုအနိုင်ရရှိပြီး အာရှဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ပထမဆုံး နိုင်ပွဲကိုရယူနိုင်ခဲ့သည်။ သို့သော်မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းအနေဖြင့် ဗီယက်နမ်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုအဆင့်ဖြင့်ပင် ကျေနပ်ခဲ့ရသည်။

| | | |
|---|---|---|
| Myanmar | 1-1 | Vietnam |
| Myanmar | 0-5 | Thailand |
| Myanmar | 3-1 | China |

## အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ

မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းသည်အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် AYA Pay Futsal Championship 2024ပြိုင်ပွဲအပြီးတွင် ပဏာမလက်ရွေးစင် ကစားသမား ၂၆ ဦးဖြင့် စတင်လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ စခန်းသွင်းလေ့ကျင့်မှုကာလအတွင်း မြန်မာဖူဆယ်လိဂ် All Star အသင်းနှစ်သင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

| | | |
|---|---|---|
| Myanmar | 3-0 | League All Star (A) |
| Myanmar | 1-2 | League All Star (B) |

ထို့နောက်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ထိုင်းနိုင်ငံသို့ ပဏာမ ကစားသမား ၂၆ ဦးဖြင့် ထွက်ခွာခဲ့ပြီး ထိုင်းနိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ နည်းပြချုပ် Mr. Bunlert Charoenwang အာဆီယံဖူဆယ်ချန်ပီယံရှစ်အတွက် ကစားသမား ၁၄ ဦးရွေးချယ်ရာတွင် လူ ငယ်ကစားသမား ၆ ဦးအထိပါဝင်ခဲ့လာခဲ့သည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းသည်အာဆီယံဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲတွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား အသင်းတို့နှင့် ရင်ဆိုင်ခဲ့ရပြီး ဩစတြေးလျ အသင်းကို သရေ၊ ကမ္ဘောဒီးယားအသင်းကို အနိုင်ရရှိပြီး အင်ဒိုနီးရှားအသင်းကိုအနိုင်ရရှိခဲ့ခြင်းကြောင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အုပ်စု အဆင့်နှင့်ပင် ကျေနပ်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် ယင်းပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်း၊ ဖိုင်နယ် တွင် ဗီယက်နမ် အသင်းတို့ကို အနိုင်ရရှိပြီး ချန်ပီယံ ဆုကို ရရှိခဲ့သည်။

| | | |
|---|---|---|
| Myanmar | 3-3 | Australia |
| Myanmar | 5-4 | Cambodia |
| Myanmar | 1-5 | Indonesia |






# မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသမီးအသင်း






မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီသည်အာဆီယံဖူဆယ်အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမ လက်ရွေးစင်စုဖွဲ့မှုကို စက်တင်ဘာ ၃၀ ရက်က စတင်၍ နည်းပြချုပ်ဦးဌေးမြင့်၏ ဦးဆောင်မှုနှင့် အတူ ပြုလုပ်ခဲ့သည်။ ပဏာမ မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်းနိုင်ရန် အတွက် MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲကို ကျင်းပ၍ ပဏာမ ကစားသမား ၂၆ ဦးကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် ကစားသမားများကိုစိစစ်ရွေးချယ်ခဲ့ပြီး ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ အုပ်ချုပ်နည်းပြ ၈ ဦး၊ ကစားသမား ၁၆ ဦးတို့ဖြင့် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ ထိုင်းနိုင်ငံ လေ့ကျင့်ရေး ခရီးတွင် KBU FC အမျိုးသမီး ဖူဆယ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ပြီး ၄ - ၂ ဂိုးဖြင့် ရှုံးခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းနိုင်ငံလေ့ကျင့်ခြေစမ်းခရီးစဉ်အပြီး နိုဝင်ဘာ ၁၄ ရက်တွင် ဖိလစ်ပိုင်နိုင်ငံကို အာဆီယံ အမျိုးသမီး ဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာခဲ့သည်။မြန်မာလက်ရွေးစင် အသင်းသည် အာဆီယံ အမျိုးသမီး ဖူဆယ် အမျိုးသမီး ဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရပြီး စတုတ္ထ နေရာရရှိခဲ့သည်။

### အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲရလဒ်များ

| | | |
|---|---|---|
| Myanmar | 2-2 | Philippines |
| Myanmar | 2-5 | Vietnam |
| Myanmar | 1-2 | Thaoland |
| Myanmar | 0-7 | Indonesia |
| Myanmar | 1-4 | Indonesia |
| | (Third Place Match) | |

# 2024 FUTSAL TOURNAMENT

## ၂၀၂၄ ခုနှစ် အတွင်း ကျင်းပခဲ့သည့် ပြိုင်ပွဲများ

MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ (50 Teams)
June 22- July 18 (RPG FC)

- - - - - - - - - - - - - - - - - - - - -

AYA Pay Futsal Championship 2024 ပြိုင်ပွဲ (32 Teams)
August 24 - September 9 (MIU FC)

- - - - - - - - - - - - - - - - - - - -

MFF Women Futsal Invitation Cup 2024 (5 Teams)
September 11 to September 16 (YRG FC)

- - - - - - - - - - - - - - - - - - - - -

U 19 Royal D Championship (50 Teams)
October 10 to 26 (Hinthar FC)

- - - - - - - - - - - - - - - - - - - - -

MFF AYA Pay Futsal League (I) 2023-24 (10 Teams)
Dec 6 to 2024 March 15 (VUC FC)

- - - - - - - - - - - - - - - - - - - - -

MFF Fit Futsal League (II) (12 Teams)
2023 DEC 5 to 2024 March 23 (YRG FC)

## MFF MAX ENERGY FUTSAL AMATEUR CUP 2024 ပြိုင်ပွဲ

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီသည် MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲကို ၂၀၂၄ ခုနှစ်ဇွန် ၂၂ ရက်မှဇူလိုင် ၁၈ ရက်အထိ MFF Futsal Stadium တွင်ကျင်းပခဲ့ပါသည်။ ထိုပြိုင်ပွဲတွင်ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ မျက်နှာသစ်ဖူဆယ်ကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲ၏ဗိုလ်လုပွဲတွင် ရန်ကုန်အခြေစိုက် 7 Brother FC နှင့် မကွေးတိုင်းအခြေစိုက် RPG FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး RPG FC အသင်းက အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သော 7 Brother FC နှင့် RPG FC အသင်းတို့သည် ၂၀၂၄ - ၂၅ ဘောလုံးရာသီတွင် ကျင်းပမည့် Vita Max Futsal League 2 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။



# AYA PAY FUTSAL CHAMPIONSHIP 2024 ပြိုင်ပွဲ

ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီအနေဖြင့် AYA Pay Futsal Championship 2024ပြိုင်ပွဲကိုဩဂုတ် ၂၄ မှစက်တင်ဘာ၉ရက်အထိ MFF Futsal Stadium တွင်ပင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ထိုပြိုင်ပွဲတွင် အသင်းပေါင်း ၃၂ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး လိဂ်(၁)မှ အသင်း (၉) သင်း၊ လိဂ်(၂) မှအသင်း (၉) သင်း၊ မန္တလာ ဖူဆယ်လိဂ်မှ (၂) သင်း၊ MFF Max Energy Futsal Amateur Cup မှ အသင်းပေါင်း (၁၂) သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြခြင်း ဖြစ်သည်။ ထိုပြိုင်ပွဲတွင် MIU FC အသင်းက ချန်ပီယံဆိုကို ရရှိခဲ့သည်။ ထို့ကြောင့် MIU FC အသင်းအနေဖြင့် ၂၀၂၄အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိခဲ့သည်။






# "MFF AYA PAY FUTSAL LEAGUE (I) 2023-24"

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီသည် MFF AYA Pay Futsal League I 2023-24ပြိုင်ပွဲကို ၂၀၂၃ ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၄ မတ် ၂ ရက် အထိ MFF Futsal Stadium တွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ထိုပြိုင်ပွဲတွင် VUC FC, MIU FC, Generations FC, Winner Soccer FC, Futsal Chit Thu FC, Dream Team FC, M2K FC, Futsal 19, Linn Latt FC, Lwtwel Thone Nara FC စသည့် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ ထိုပြိုင်ပွဲသည် သာမန် ၂ ကျော့ ယှဉ်ပြိုင်ကစားခဲ့ရသည့် အမှတ်ပေးပြိုင်ပွဲများ ပြီးဆုံးချိန်တွင် Champion Play-Off ပွဲစဉ်များကို ထပ်မံကစားခဲ့ရသည်။ Champion Play- Off ပွဲစဉ်များသို့ သာမန် အမှတ်ပေး ပြိုင်ပွဲများ ပြီးဆုံးချိန်တွင် အဆင့် ၁ မှ ၃ အတွင်း ရပ်တည်ခဲ့ကြသော VUC Fc, MIU FC, Generations FC အသင်းတို့ ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။ Champion Play- Off ပွဲစဉ် ပထမ အဆင့်ပွဲစဉ်တွင် ဒုတိယနေရာ ရရှိသော MIU FC က Generations FC အသင်းကို အနိုင်ရရှိခဲ့သောကြောင့် Champion Play- Off နောက်ဆုံးအဆင့် သို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

Champion Play- Off Final ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည့် VUC FC နှင့် MIU FC တို့ပွဲစဉ် ပထမပွဲစဉ်တွင် MIU FC က အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ် VUC FC က ပြန်လည် အနိုင်ရရှိခဲ့သောကြောင့် Grand Final ပွဲစဉ် ကို ထပ်မံ ယှဉ်ပြိုင် ကစားခဲ့ရပြီး VUC FC က အနိုင်ရ ဗိုလ်ဆွဲခဲ့သည်။

# "MFF FIT FUTSAL LEAGUE II 2023-24 "

MFF Fit Futsal League II 2023-24 ပြိုင်ပွဲများကို ၂၀၂၃ ဒီဇင်ဘာ ၅ ရက်မှ မတ် ၂၃ ရက်အထိ MFF Futsal Stadium တွင် အသင်းပေါင်း ၁၂ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲတွင် YRG FC, SGF Fc, TG United ,c Sun Far FC, Shwe Pyi THar FC, Black Cross FC, KKY FC, Maryar FC, Golden Yoma FC, M- Million FC, Seven FC ESihf NOKA United တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုပြိုင်ပွဲကို ပုံမှန်အမှတ်ပေးစနစ် (နှစ်ကျော့) ယှဉ်ပြိုင်ကစားရသော ပုံစံဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး YRG FC က ချန်ပီယံဆုကို ရရှိခဲ့ပြီး SGF FC က ဒုတိယရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် Vita Max Futsal League 1 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။




# ROYAL D FUTSAL CHAMPIONSHIP 2024 ပြိုင်ပွဲ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီသည် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် အာဆီယံ ယူ - ၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ရည်ရွယ်၍ Royal D Futsal Championship 2024 ပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပါသည်။ ထိုပြိုင်ပွဲတွင်လည်း အသင်းပေါင်း ၃၂ သင်းပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ထိုပြိုင်ပွဲတွင် Hinthar FC က ချန်ပီယံဆုကို ရရှိခဲ့သည်။

# MFF WOMEN FUTSAL INVITATION CUP 2024 ပြိုင်ပွဲ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီသည် MFF Women Futsal Invitation Cup 2024 ပြိုင်ပွဲကို အသင်းပေါင်း (၅) သင်းဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာ ၁၁ မှ ၁၆ ရက်အထိ MFF Futsal Stadium တွင် ကျင်းပခဲ့ခြင်း ဖြစ်ပြီး လက်ရွေးစင် အမျိုးသမီး အသင်းဖွဲ့စည်းနိုင်ရန် အတွက် ရည်ရွယ်ခဲ့သည်။ ထိုပြိုင်ပွဲတွင် YRG FC အသင်းက ပထမ၊ Divine FC အသင်းက ဒုတိယ၊ Pacific Sun Far FC အသင်းက တတိယရရှိခဲ့သည်။

# COACH EDUCATION

# LIST OF COURSE FOR 2024

| No. | Course Name | Period | Venue | Attendance Participant | | |
|---|---|---|---|---|---|---|
| | | | | Male | Female | Total |
| 1 | AFC/MFF "B" Diploma - Part 2 | 10 - 18 Jan 2024 | NPT | 20 | 4 | 24 |
| 2 | MFF "D" Certificate Coaching Course | 29 Feb - 3 Mar 2024 | Lewe | 22 | 2 | 24 |
| 3 | AFC/MFF "C" Diploma Coaching Course | 4 - 12 Mar 2024 | Lewe | 22 | 2 | 24 |
| 4 | MFF "D" Certificate Coaching Course | 22 - 25 Mar 2024 | Hpa-An | 18 | 6 | 24 |
| 5 | MFF CE Workshop | 25 - 29 April 2024 | Yangon | 13 | - | 13 |
| 6 | Myanmar Women League Workshop | 30-Apr | Yangon | 9 | 13 | 22 |
| 7 | MFF "D" Certificate Coaching Course | 17 -20 May 2024 | Tachileik | 17 | - | 17 |
| 8 | AFC/MFF "C" Diploma Coaching Course | 22 - 30 May 2024 | Tachileik | 16 | - | 16 |
| 9 | AFC Fitness Level 1A Coaching Certificate Course | 14 - 18 June 2024 | Yangon | 18 | 2 | 20 |
| 10 | AFC Futsal Coaching Certificate Course - Level 1 | 1 - 6 July 2024 | Mandalay | 19 | 1 | 20 |
| 11 | AFC Futsal Coaching Certificate Course - Level 1 | 9 - 14 July 2024 | Magway | 18 | 2 | 20 |
| 12 | MFF "D" Certificate Coaching Course | 23 - 26 July 2024 | Yangon | 26 | 3 | 29 |
| 13 | AFC/MFF "C" Diploma Coaching Course | 29 July - 6 August 2024 | Yangon | 17 | 7 | 24 |
| 14 | MFF "D" Certificate Coaching Course | 27 - 30 August 2024 | Taunggyi | 28 | 2 | 30 |
| 15 | AFC/MFF "C" Diploma Coaching Course | 2 - 10 Sept 2024 | Taunggyi | 21 | 3 | 24 |
| 16 | MFF "D" Certificate Coaching Course | 20 - 23 Sept 2024 | Lewe | 15 | 9 | 24 |
| 17 | AFC Futsal Coaching Certificate Course - Level 3 | 4 - 27 Sept 2024 | Yangon | 19 | 1 | 20 |
| 18 | AFC/MFF GK"C" Certificate Coaching Course | 03 - 08 Oct 2024 | Yangon | 11 | 5 | 14+2 |
| 19 | "AFC MFF B Diploma Coaching Course - Module 1" | 22 - 30 Oct 2024 | Yangon | 22 | 2 | 24 |
| 20 | AFC Futsal GK Level 1 Coching Certificate Course | 26 - 30 Nov 2024 | Yangon | 11 | 3 | 14 |
| | | | **Total** | **362** | **67** | **429** |










| | |
|---|---|
| MFF "D" Certificate Coaching Course | 6 |
| AFC/MFF "C" Diploma Coaching Course | 4 |
| "AFC MFF B Diploma Coaching Course - Module 1 & 2" | 2 |
| "AFC MFF A Diploma Coaching Course - Module 1" | 1 |
| AFC/MFF GK"C" Certificate Coaching Course | 1 |
| AFC Fitness Level 1A Coaching Certificate Course | 1 |
| Workshop | 2 |
| AFC Futsal Coaching Certificate Course - Level 1 | 2 |
| AFC Futsal Coaching Certificate Course - Level 3 | 1 |
| AFC Futsal GK Level 1 Coching Certificate Course | 1 |

# REFEREE



# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီ ဒိုင်ဌာန အနေဖြင့် ဒိုင်လောက ဖွံ့ဖြိုးတိုးတက်စေရန် အတွက် အောက်ပါသင်တန်းများကို ဖွင့်လှစ်ပေးခဲ့သည်။

ဒိုင်ကော်မတီ အနေဖြင့် MFF Women's Referee & Assistant Referee Workshop 2024 ကိုမတ်လ ၂၆မှ ၂၈ ရက်အထိဖွင့်လှစ်ခဲ့ပြီး MFF Men Referee & Assistant Referee Workshop (G-1), (G-2) တို့ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် MFF Future Referee Program Module (1) ကို သင်တန်းသား ၁၂ ဦးဖြင့် ဖေဖော်ဝါရီ ၂၈မှ မတ် ၁ ရက် အထိလည်းကောင်း၊ Module 2 ကို ဇူလိုင် ၁၃ မှ ၁၅ အထိလည်းကောင်း၊ Module 3 ကို နိုဝင်လာ ၈ မှ ၁၀ အထိလည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။ MFF Basic Referee Course ကို ဒိုင်ကော်မတီ အနေဖြင့် မတ် ၁၃ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး MFF Basic Futsal Referee Course ကို ဧပြီ ၃၀မှ မေ ၆ ရက်အထိ ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် ဒိုင်ကော်မတီ၊ ဒိုင်ဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ ဖူဆယ်ဒိုင်လူကြီး သင်တန်းကိုလည်း မတ် ၂၅ မှ ၂၉ အထိ ဖွင့်လှစ်ပေးခဲ့သည်။

Referee Department Registration ( 2024 ) for Referee Assessor & Referee

| No | Designation | 2024 | | |
|---|---|---|---|---|
| | | Male | Female | Total |
| 1 | Referee Assessor | 17 | 4 | 21 |
| 2 | Referee | 94 | 24 | 118 |
| 3 | Futsal Referee Assessor | 2 | | 2 |
| 4 | Futsal Referee | 38 | 2 | 40 |

**Referee Instructor -2024**

| No | Designation | 2024 |
|---|---|---|
| | | Total |
| 1 | Football (Technical) | 3 |
| 2 | Futsal (Technical) | 2 |
| 3 | Fitness (Fitness) | 3 |

**AFC / AFF Assessor & Referee**

| | Designation | 2024 | |
|---|---|---|---|
| | | Male | Female |
| 1 | AFC Elite Referee Assessor | - | - |
| 2 | AFC Elite Referee | - | 2 |
| 3 | AFC Elite Assistant Referee | - | 2 |
| 4 | AFC Elite Futsal Referee | - | - |
| 5 | AFC Referee Academy | 1 | 1 |
| 6 | AFF Referee Assessor | 1 | - |

**FIFA - Referee**

| | Designation | 2024 | |
|---|---|---|---|
| | | Male | Female |
| 1 | FIFA Referee | 4 | 3 |
| 2 | FIFA Assistant Referee | 6 | 2 |
| 3 | FIFA Futsal Referee | 2 | - |
| | Total | 12 | 5 |

# ဒိုင်ကော်မတီဒိုင်ဌာနတွင် တာဝန်ထမ်းဆောင်နေသော ဒိုင်လူကြီးများနှင့် ဒိုင်ကြီးကြပ်များ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီ ဒိုင်ဌာနတွင် ၂၀၂၄ ခုနှစ်အတွင်းတာဝန်ထမ်းဆောင်နေသောဘောလုံးဒိုင်ကြီးကြပ် ၂၁ဦး၊ ဘောလုံးဒိုင်လူကြီး ၁၁၈ ဦး၊ ဖူဆယ်ဒိုင်ကြီးကြပ် ၂ဦး၊ ဖူဆယ်ဒိုင်လူကြီး ၄၀ ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိသည်။

ထိုဒိုင်လူကြီးများထဲမှ အမျိုးသားဘောလုံးဒိုင်လူကြီး ၄ ဦး၊ အမျိုးသမီးဘောလုံးဒိုင်လူကြီး ၃ ဦး၊ အမျိုးသား ဘောလုံးအကူဒိုင်လူကြီး ၆ ဦး၊ အမျိုးသမီးဘောလုံး အကူ ဒိုင်လူကြီး ၂ ဦးနှင့် ဖူဆယ်ဒိုင်လူကြီး ၂ ဦးတို့သည် FIFA အသိအမှတ်ပြု ဒိုင်လူကြီးများ ဖြစ်ကြသည်။

# ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် သွားရောက်တာဝန်ထမ်းခဲ့မှုများ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်ကော်မတီ၊ ဒိုင်ဌာနတွင်တာဝန်ထမ်းဆောင်နေသော ဒိုင်လူကြီး ၆ ဦးသည် အောက်ဖော်ပြပါ နိုင်ငံတကာ ပွဲစဉ်များကို သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ဒေါ်ဝင့်ဝါထွန်း

အမျိုးသမီးဘောလုံးအကူဒိုင်လူကြီးတစ်ဦးဖြစ်သူဒေါ်ဝင့်ဝါထွန်းသည် AFC U20 Women's Asain Cup 2024 Uzbekistan တွင် မတ်လ ၃ ရက်မှ ၁၆ အထိ သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါ်မေသက်ဖြူ

အမျိုးသမီးဘောလုံးအကူဒိုင်လူကြီး တစ်ဦးဖြစ်သူ ဒေါ်မေသက်ဖြူသည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် AFC U17 Women's Asian Cup 2024 ၌ မေလ ၆ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် AFC Women's Champion League 2024/25 ပြိုင်ပွဲကို အောက်တိုဘာ ၆ မှ ၁၂ ရက်အထိလည်းကောင်း သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးဇေယျာမောင်

အမျိုးသား ဘောလုံး အကူဒိုင်လူကြီး တစ်ဦးဖြစ်သူ ဦးဇေယျာမောင်သည် ဇွန် ၂၁ မှ ဇူလိုင် ၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော ASEAN U-16 BOYS' CHAMPIONSHIP 2024 ပြိုင်ပွဲသို့ သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးချစ်မိုးအေး

အမျိုးသားဘောလုံးအကူဒိုင်လူကြီးတစ်ဦးဖြစ်သူဦးချစ်မိုးအေးသည် ASEAN U-19 BOYS' CHAMPIONSHIP 2024 ပြိုင်ပွဲ ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၁၄ ရက်မှ ၃၀ ရက်အထိ သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါ်ခင်ငြိမ်းချမ်း

အမျိုးသမီးကွင်းလယ်ဒိုင် တစ်ဦးဖြစ်သူ ဒေါ်ခင်ငြိမ်းချမ်းသည် ဘူတန်နိုင်ငံတွင် ကျင်းပခဲ့သော ဩဂုတ် ၂၅ မှ ၃၁ ရက်အထိ ကျင်းပခဲ့သော AFC Women's Champions League 2024-25, Preliminary Stage (Group D) ကိုလည်းကောင်း အောက်တိုဘာ ၆ ရက်မှ ၁၂ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော AFC Women's Champions League 2024/25 Group Stage ကို လည်းကောင်း သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးဖြိုးပြည့်စုံဝင့်

ဖူဆယ်ဒိုင်လူကြီး တစ်ဦးဖြစ်သူ ဦးဖြိုးပြည့်စုံဝင့်သည် နိုဝင်ဘာ ၂ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော ASEAN FUTSAL CHAMPIONSHIP 2024 ပြိုင်ပွဲသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

# AUDIT REPORT



# ၂၀၂၃ ခုနှစ်အတွင်း ငွေစာရင်းသုံးစွဲမှု ရှင်းတမ်း

ဘဏ္ဍာရေးစီမံခန့်ခွဲခြင်းကိစ္စရပ်မှာ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးကြီးလျက်ရှိသည်။ ငွေကြေးသုံးစွဲရန် အစီအစဉ်ရေးဆွဲခြင်း၊ ငွေကြေးသုံးစွဲမှုကို လေ့လာစောင့်ကြည့်ခြင်း၊ ငွေကြေးသုံးစွဲမှုနှင့် အကျိုးအမြတ်ရရှိမှုအနေအထားကို ချိန်ဆခြင်းစသည့်အချက်များမှာ ဘဏ္ဍာရေးစီမံခန့်ခွဲခြင်းတွင်ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ငွေစာရင်းရှင်းတမ်းများကို သက်ဆိုင်ရာခုနှစ်များအလိုက် အဖွဲ့ချုပ်အမှုဆောင်ကော်မတီသို့ ရှင်းလင်းတင်ပြလျက်ရှိပါသည်။ အောက်ဖော်ပြပါ ငွေစာရင်းရှင်းတမ်းများမှာ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စီမံခန့်ခွဲခဲ့သည့် အချက် အလက်များဖြစ်ပါသည်။

# JF Group - *Certified Public Accountants & Auditors*

*Room No.(503), (5th Floor), No. 33-49, Strand Condo, Maharbandoola Garden Street, Corner of Bank Street &Maharbandoola Garden Street, Kyauktada Township, Yangon Region, The Republic of the Union of Myanmar.*
**Office Tel Ph : 95 – 1 377822, HP : 95 – 9 73015141, 95 – 9 250285506, 95 – 9 73241656, 95 – 9 5027387, 95 – 9 43089223, 95 – 9 250285065, 09 – 36704086, 09 – 36704087, 09 – 36704088**
**Email:** wantin2008@gmail.com, jfgroupaudit@gmail.com, jfgroupadvisory@gmail.com


## INDEPENDENT AUDITOR'S REPORT TO THE MEMBER OF MYANMAR FOOTBALL FEDERATION (MFF) FOR THE YEAR ENDED 31 DECEMBER 2023

### Report on the Financial Statements

### Opinion

We have audited the financial statements of "**MYANMAR FOOTBALL FEDERATION (MFF)**" ("the Organization"), which comprises the statement of financial position as at 31 December 2023, statement of income and expenditure and statement of cash flow for the year ended 31 December 2023, and a summary of significant accounting policies and other explanatory information, as set out on pages 8 to 29.

In our opinion, the financial statements of **"MYANMAR FOOTBALL FEDERATION (MFF)"** for the year ended 31 December 2023 are prepared, in all material respects, in accordance with the Generally Accepted Accounting Principles (GAAP) so as to give a true and fair view of the financial statements of Organization for the year ended 31 December 2023.

### Basis for Opinion

We conducted our audit in accordance with Myanmar Standards on Auditing ("MSAs") in line with International Standards on Auditing ("ISAs"). Our responsibilities under those standards are further described in the *Auditor's Responsibilities for the Audit of the Financial Statements* section of our report. We are independent of the Organization together with the ethical requirements that are relevant to our audit of the financial statements in Myanmar, and we have fulfilled our other ethical responsibilities in accordance with these requirements. We believe that the audit evidence we have obtained is sufficient and appropriate to provide a basis for our opinion.

### Responsibilities of the Management for the Financial Statements

Management is responsible for the preparation of financial statements that give a true and fair view in accordance with the Generally Accepted Accounting Principles (GAAP) and for devising and maintaining a system of internal accounting controls sufficient to provide a reasonable assurance that assets are safeguarded against loss from unauthorised use or disposition; and transactions are properly authorised and that they are recorded as necessary to permit the preparation of true and fair financial statements and to maintain accountability of assets.

The responsibilities of the management include overseeing the Organization's financial reporting process.

JF Group
*Certified Public Accountants & Auditors*

**INDEPENDENT AUDITOR'S REPORT TO THE MEMBER OF MYANMAR FOOTBALL FEDERATION**
**FOR THE YEAR ENDED 31 DECEMBER 2023 (Continued)**

**Auditor's Responsibility for the Audit of the financial statements**

Our objectives are to obtain reasonable assurance about whether the financial statements as a whole is free from material misstatement, whether due to fraud or error, and to issue an auditor's report that includes our opinion. Reasonable assurance is a high level of assurance, but is not a guarantee that an audit conducted in accordance with MSAs will always detect a material misstatement when it exists. Misstatements can arise from fraud or error and are considered material if, individually or in aggregate, they could reasonably be expected to influence the economic decisions of users taken on the basis of these financial statements.

As part of an audit in accordance with MSAs, we exercise professional judgment and maintain professional scepticism throughout the audit. We also:

- identify and assess the risks of material misstatement of the financial statements, whether due to fraud or error, design and perform audit procedures responsive to those risks, and obtain audit evidence that is sufficient and appropriate to provide a basis for our opinion. The risk of not detecting a material misstatement resulting from fraud is higher than for one resulting from error, as fraud may involve collusion, forgery, intentional omissions, misrepresentations, or the override of internal control.
- obtain an understanding of internal control relevant to the audit in order to design audit procedures that are appropriate in the circumstances, but not for the purpose of expressing an opinion on the effectiveness of the Organization's internal control.
- evaluate the appropriateness of accounting policies used and the reasonableness of accounting estimates and related disclosures made by management.

We communicate with the management regarding, among other matters, the planned scope and timing of the audit and significant audit findings, including any significant deficiencies in internal control that we identify during our audit.

Me Me Kyaw (Audit Engagement Partner)
B. Com, Q, C.P.A.
JF Group- Certified Public Accountants and Auditors

Date: 28 JUN 2024

**ME ME KYAW**
**B.Com, Q, C.P.A**
**Certified Public Accountant & Auditor**

## MYANMAR FOOTBALL FEDERATION

### STATEMENT OF FINANCIAL POSITION
### AS AT 31 DECEMBER 2023

| | Note | 2023 MMK | 2022 MMK |
|---|---|---|---|
| **Assets** | | | |
| **Non-current assets** | | | |
| Property, plants and equipment | 3 | 8,247,355,549 | 9,201,403,338 |
| Intangible Asset | 4 | 13,594,438 | - |
| Non-current assets - advance & WIP | 5 | 632,639,250 | 13,046,250 |
| **Total non-current assets** | | **8,893,589,237** | **9,214,449,588** |
| **Current assets** | | | |
| Account receivables | 6 | 300,000 | 86,191,952 |
| Prepayments & deposits | 7 | 75,656,307 | 310,064,498 |
| Cash and cash equivalents | 8 | 1,810,754,834 | 969,286,311 |
| **Total current assets** | | 1,886,711,141 | 1,365,542,761 |
| **Total assets** | | **10,780,300,378** | **10,579,992,349** |
| **Accumulated fund and liabilities** | | | |
| **Accumulated fund** | | | |
| Balance as per last year | | 9,593,638,254 | 9,918,934,724 |
| Exchange translation reserve | | - | 1,436,236,926 |
| Excess of expenditure over income | | (276,803,383) | (1,761,533,396) |
| **Total accumulated fund** | | **9,316,834,871** | **9,593,638,254** |
| **Current liabilities** | | | |
| Account payables | 9 | 1,427,465,507 | 965,354,095 |
| Advance receipts | 10 | 36,000,000 | 21,000,000 |
| **Total current liabilities** | | **1,463,465,507** | **986,354,095** |
| **Total liabilities** | | **1,463,465,507** | **986,354,095** |
| **Total accumulated fund and liabilities** | | **10,780,300,378** | **10,579,992,349** |

Authenticated by:

-------------------------------- **Financial Consultant**

-------------------------------- **General Secretary**

## MYANMAR FOOTBALL FEDERATION

### STATEMENT OF INCOME AND EXPENDITURE
### FOR THE YEAR ENDED 31 DECEMBER 2023

| | Note | 2023<br>MMK | 2022<br>MMK |
|---|---|---|---|
| <u>**Income**</u> | | | |
| Donors grant & contribution | 11 | 6,229,272,896 | 4,326,247,620 |
| Sponsorship income | 12 | 2,847,879,686 | 791,182,142 |
| Contribution by President and related companies | 13 | 3,626,473,776 | 1,866,284,302 |
| Contribution by AYA Foundation | | 383,063,493 | - |
| Other income | 14 | 856,422,351 | 1,119,150,364 |
| **Total income** | | **13,943,112,202** | **8,102,864,428** |
| <u>**Expenditure**</u> | | | |
| Operating & events expenses | 15 | (8,490,961,037) | (5,844,070,399) |
| General and administration expense | 16 | (5,170,751,246) | (2,986,834,541) |
| Depreciation and amortization expenses | 3&4 | (1,031,110,835) | (1,012,974,809) |
| Profit on assets disposal | | 17,833,333 | - |
| Exchange gain or (loss) | | 455,074,200 | (20,518,075) |
| **Total expenditure** | | **(14,219,915,585)** | **(9,864,397,824)** |
| **Excess of expenditure over income** | | **(276,803,383)** | **(1,761,533,396)** |
| **Other comprehensive income** | | | |
| Exchange translation reserve* | | - | (1,436,217,574) |
| **Excess of comprehensive expenditure over income** | | **(276,803,383)** | **(3,197,750,970)** |

*The reason of arising the exchange translation reserve is disclosed in significant accounting polices' note number (2.2), paragraph (3).

Authenticated by:

| | |
|---|---|
| ------------------------------- | ------------------------------- |
| **Financial Consultant** | **General Secretary** |

# MYANMAR FOOTBALL FEDERATION

## STATEMENT OF CASH FLOWS
## FOR THE YEAR ENDED 31 DECEMBER 2023

| | 2023<br>MMK | 2022<br>MMK |
|---|---|---|
| **Cash flows from operating activities** | | |
| Excess of expenditure over income | (276,803,383) | (1,761,533,396) |
| **Adjustment for:** | | |
| Depreciation and amortization | 1,031,110,835 | 1,012,974,809 |
| Exchange translation reserve of property, plant & equipment | - | (639,278,248) |
| Exchange translation reserve accumulated fund | - | 1,436,236,926 |
| Profit on assets disposal | (17,833,333) | - |
| PPE adjustment and write-off | - | 2,000,000 |
| Operation cash flow before working capital changes | 736,474,119 | 50,400,091 |
| **Working capital changes** | | |
| (Increase) / decrease in current assets (exclude cash and cash equivalents) | 320,300,143 | (241,330,110) |
| Increase / (decrease) in current liabilities | 477,111,411 | 810,793,183 |
| Net working capital changes | 797,411,554 | 569,463,073 |
| **Net cash inflow from operation activities** | **1,533,885,673** | **619,863,164** |
| | | |
| **Cash flows from investing activities** | | |
| Purchase of plant & equipment and intangible assets | (83,277,900) | (54,779,650) |
| Additional cost of non-current assets - advance & WIP | (632,639,250) | (1,278,272,184) |
| Proceed from sale of non-current asset | 23,500,000 | - |
| **Net cash used in investing activities** | **(692,417,150)** | **(1,333,051,834)** |
| | | |
| **Cash flows from financing activities** | | |
| Payable for hire purchase-cars | - | (1,767,027) |
| **Net cash flow to financing activities** | - | **(1,767,027)** |
| | | |
| **Net increase /(decrease) in cash and cash equivalents** | **841,468,523** | **(714,955,697)** |
| **Cash and cash equivalents at the beginning of the year** | **969,286,311** | **1,684,242,008** |
| **Cash and cash equivalents at the end of the year** | **1,810,754,834** | **969,286,311** |

Authenticated by:

**Financial Consultant**

**General Secretary**

2024

# MFF ACTIVITIES

## REPORTS 2024

MYANMAR FOOTBALL FEDERATION
www.the-mff.org